
စိတ်ကူးချိုချိုအနုပညာ


# စစ်ကိုင်းဦးဘိုးသင်း

# ပင်လယ်ပျော်သီသီ




ပြန်လည်ရိုက်နှိပ်ခြင်း

ဆရာကြီးစစ်ကိုင်းဦးဘိုးသင်း၏ ငယ်နုစဉ်လက်ရာ၊
စာရေးသူ အစိုးရတာဝန်ဆောင်ရွက်သည့်အခိုက်
ထားဝယ်နယ်၊ ဟင်းဇဘုတ်၌ရှိစဉ် ၁၉၃၈ ကာလက
ရေးသားခဲ့ပြီး ကျောင်းစာကြည့်တိုက်သုံးအဖြစ် ပြဋ္ဌာန်းခဲ့သည့်စာအုပ်၊
မြန်မာဝတ္ထုသမိုင်းတွင် ထည့်သွင်း
ပြောဆိုရသည့် ဝတ္ထု၊
ကျောင်းသားကျောင်းသူများ၏
ဘဝရည်မှန်းချက်အတွက်
လည်းကောင်း၊ စီးပွားရေးတွင်
စွန့်စားရပုံ ပြောလိုရင်းသည်
လည်းကောင်း ဤဝတ္ထု၏
ရည်ရွယ်ရင်း
ဖြစ်ပေသည်။



ISBN 9789997112958
ANB93
9 789997 112958
2,500.00KS

mgyoe.com

ပင်လယ်ပျော်သီသီ၊ စစ်ကိုင်းဦးဘိုးသင်း
မျက်နှာဖုံးပန်းချီ - သီဟတေဇ
စာမျက်နှာ ၂၃၀ မျက်နှာ၊ ၁၆ စင်တီ × ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၇ စန္ဒာဝင်းစာအုပ်တိုက်၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ပင်လယ်ပျော်သိသိ
# စစ်ကိုင်းဦးဘိုးသင်း



ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဒုတိယအကြိမ်ထုတ်ဝေစဉ်က
# စာရေးသူ၏အမှာ

ကျွန်ုပ်သည် ရေးပြီးသောစာအုပ်ကို ထပ်မံ၍လည်း မကြည့်၊ သတိလည်းမထား၊ အချို့စာအုပ်များကို ကိုယ်တိုင်ကြီးကြပ်၍ ပုံနှိပ်သည်။ ထိုသို့ပုံနှိပ်ရာ၌လည်း စာအုပ်များကို ပြန်၍သုံးသပ်လေ့မရှိ၊ ဂရုလည်းမပြု၊ အမှတ်မဲ့ပင်နေခဲ့သည်။ မည်သည့်စာအုပ်များကို ရေးခဲ့သည်ဟုလည်း စုံလင်စွာမမှတ်သား။ ဉပမာဆိုသော် ဘဲမသည် မိမိ၏ ဉကိုဉပြီးလျှင် ထားခဲ့၍ သတိမရတော့ပေ။ ထို့ကြောင့် ကျွန်ုပ် ဘဲမနှင့် တူသည်။

'ပင်လယ်ပျော်သီသီ' စာအုပ်သည် ၁၉၄၀ ပြည့်နှစ်လောက်က ကျောင်းသုံးစာအုပ် ပြဋ္ဌာန်းရေးကော်မတီက ကျောင်းများ၊ စာကြည့်တိုက်အတွက် ပြဋ္ဌာန်းထားသော စာအုပ်ဖြစ်သည်။

'ပင်လယ်ပျော်သီသီ' စာအုပ်နှင့် 'ခေတ်သစ်မောင်' စာအုပ်ကို ထပ်မံပုံရိုက်ရန် စာဝါသနာပါသူတို့က တောင်းဆို

mgyoe.com

mgyoe.com



ကြသော်လည်း ကျွန်ုပ်၏ထံမှာ ထိုစာအုပ်တို့ မရှိကြတော့ပေ။ မည်သူ့ထံမှာမျှလည်း စုံစမ်း၍မရ။ ထို့ကြောင့် ကျွန်ုပ် ထိုသဘောကို လျစ်လျူပြုထားသည်။

အဖိုးတန်စာသမားကြီး ဦးဘိုးကြွယ် (ကျောင်းဆရာကြီးဟောင်း) က ပင်လယ်ပျော်သီသီကို မရမနေရှာဖွေ၍ ပုံနှိပ်ရိုက်လိုပါသည်ဟု ဆိုသဖြင့် ထပ်မံ၍ ပုံနှိပ်ရပြန်ပါတော့သည်။

ဘိုးသင်း

mgyoe.com

mgyoe.com

ဗြိတိသျှအစိုးရမင်းသည် မြန်မာပြည်အထက်ပိုင်းကို လက်နက် နိုင်ငံတော်ပြုလုပ်ပြီးသောအခါ အုပ်ချုပ်စီမံရေး၌ အထောက်အပံ့ ရစိမ့် သေ ငှာ တိုင်းရင်းသားဘာသာ စာသင်ကျောင်းတို့ကို တိုက်တွန်းနှိုးဆော်၍ တည်ထောင်လေ၏။ ထိုကဲ့သို့ စာပေသင်ကြားရန် စာသင်ကျောင်း တည်ထောင်ရေးကိစ္စ၌ ရဟန်းတော်များသည် အရေးပါပါ ဆောင်ရွက်နိုင် ကြသောကြောင့် ရဟန်းတော်များ ကျောင်းကို အထူးအားပေးအရေးယူ သည်အတိုင်း စစ်ကိုင်းမြို့၌ ရွှေတောင်ဦးမော်ကျောင်း၊ ဦးသီလာစာရ ကိုယ်တော်သည် သတ္တမတန်းကျောင်းအုပ်ကိုယ်တော်အဖြစ်နှင့် များစွာ ထင်ရှားလာလေ၏။ ထိုကိုယ်တော်ကြီး၏ တပည့်တို့မှာလည်း စာရေး၊ မြို့အုပ် အစရှိသော အရာရှိကြီးငယ်တို့ များစွာဖြစ်ကြလေ၍ စစ်ကိုင်း စီရင်စု၌ အထူးစည်ကားသော ကျောင်းကြီးတစ်ကျောင်းဖြစ်သည့်အတိုင်း အစိုးရမင်း၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ပိုးသကၤန်းလှူဒါန်းခြင်းကို ဦးသီလာစာရကိုယ်တော်သည် ခံယူရရှိလေ၏။ ထိုကျောင်းကြီး အဆက် သည်လည်း မပျက်မစီးဘဲ ယခုတိုင်အောင်ပင် ဦးတိုး၏ အထက်တန်း ကျောင်းအဖြစ်နှင့် တည်မြဲနေလေသည်။

ဦးသီလာစာရကိုယ်တော်မှာ အတ္တဟိတကိုထက် ပရဟိတကို များစွာလိုလားတော်မူ၍ ဝေးနီးမြို့ရွာ၊ ရပ်ကွက်တို့မှ မိဘမဲ့ကလေးလူငယ်

mgyoe.com

mgyoe.com

တို့၏ ကိုးကွယ်ရာလည်းဖြစ်၍ နှစ်စဉ် ကျောင်းသား ၅၀ ခန့်ထက်မနည်း စရိတ်စကခံလျက်လည်း စာပေပညာသင်ပေးခြင်းကို ပြုတော်မူလေ၏။ ထိုကဲ့သို့သော ဦးသီလာစာရ၏ မိဘမဲ့တပည့်တို့အနက် မိဘမရှိ၊ ဉာတိဟူ၍လည်း ထင်ထင်ရှားရှားမရှိသော မောင်တုန်းတာနှင့် မောင်နံ့ပိန် ဆိုသော ကျောင်းသားကလေးနှစ်ယောက်သည် ဤဝတ္ထု၏ အစပင် ဖြစ်ပေတော့သည်။

မောင်တုန်းတာနှင့် မောင်နံ့ပိန်မှာ ဦးသီလာစာရကိုယ်တော်၏ အထောက်အပံ့ကိုခံ၍ ထိုကျောင်းတွင် ပညာသင်ကြားလာလေရာ စတုတ္ထတန်း အောင်မြင်ကာလ အသက်အရွယ်မှာ ၁၅ နှစ် ကျော်လွန်ပြီဖြစ်သဖြင့် ရှင်သာမဏေဘောင်သို့ ဝင်ရောက်ကြရလေ၏။ ထိုအခါ မောင်တုန်းတာနှင့် မောင်နံ့ပိန်တို့မှာ ရှင်သာမဏေဘောင်၌ ဆွမ်းသင်္ကန်းတို့မှစ၍ မလုံလောက်ကြသောကြောင့် လူဝတ်လဲပြီးလျှင် ရွှေတောင်ဦးမော်ကျောင်းမှ ဆရာတော်ဘုရားမသိရလေအောင် တိတ်တဆိတ် ထွက်ခွာသွားကြလေ၏။

မောင်နံ့ပိန်သည် ထိုကဲ့သို့ကျောင်းမှထွက်ခွာခဲ့၍ မောင်တုန်းတာနှင့် ခွဲခွာပြီးလျှင် အလုပ်အကိုင်ပေါများသော အောက်အရပ်ဒေသသို့ ထွက်သွားလေရာ မော်လမြိုင်မြို့သို့ တစ်ကိုယ်တည်းကပ္ပားလာအဖြစ်နှင့် ရောက်သွားရှာလေ၏။ ထိုခေတ်ထိုအခါ၌ မော်လမြိုင်မြို့သည်လည်း စပါးဈေး၊ သစ်ဈေးတို့ အလွန့်အလွန်ကောင်းလေ၍ သူဌေးသူကြွယ်ပေါများသော မြို့ကြီးတစ်မြို့ဖြစ်လေ၏။ မောင်နံ့ပိန်လည်း ထိုမြို့၌ အညာသားတို့၏ ထုံးစံအတိုင်း ရဟန်းတော်ကျောင်းတစ်ကျောင်းတွင် မှီခို၍ အလုပ်အကိုင်ရှာဖွေနေသောအခါ အကြောင်းအားလျော်စွာ သစ်ခေါင်းကြီးတစ်ဦးနှင့် တွေ့လေ၏။ သစ်,ခေါင်းကြီးသည်လည်း မောင်နံ့ပိန်၏ ခွန်အားဗလကိုကြည့်၍ လူပုံပန်းကို အကဲခတ်ပြီးလျှင် ရိုးသားဖြောင့်မတ်ပုံရသည့်အတိုင်း မိမိထံတွင် အလုပ်ကြမ်းကို လုပ်ကိုင်
mgyoe.com

mgyoe.com

ဆောင်ရွက်ရန် အစေခံတစ်ယောက်အဖြစ်နှင့် ထမင်းကျွေး၍ အဝတ်အစားပေးကာ ထားလေသည်။

မောင်နံပိန်သည် သစ်,ခေါင်းကြီးထံ၌ အလုပ်အကိုင်တို့ကို ခိုကတ်တွက်ချက်ခြင်းမရှိဘဲ ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်ဆောင်ရွက်သောကြောင့် နှစ်လခန့်ကြာရှိသောအခါ သစ်,ခေါင်းကြီး၏ ယုံကြည်အားကိုးထားခြင်းကို ခံရပြီးလျှင် သစ်,ခေါင်းကြီးနှင့်အတူ တောသို့အမြဲကဲ့သို့ပင်လျှင် လိုက်ပါသွားရလေ၏။ ထိုအခါ မောင်နံပိန်မှာ တစ်လလျှင် လခငွေငါးကျပ် ရရှိပြီဖြစ်သော်လည်း သစ်,ခေါင်းကြီးက ကျွေးသောထမင်းနှင့် မုန့်ပဲသရေစာတို့ကိုလောက်သာစား၍ သစ်,ခေါင်းကြီးကပေးသော အဝတ်မျှကိုသာလျှင် ဝတ်လျက် မိမိ၏လစာငွေကို သစ်,ခေါင်းကြီး၏ထံ၌ပင်လျှင် ပြန်၍အပ်ထားခြင်းကို ပြုလေ၏။ အလုပ်အကိုင်တို့၌မူကား မောင်နံပိန်သည် သစ်,ခေါင်းကြီး ခိုင်းစေတိုင်းကို တည်ကြည်ဖြောင့်မတ်စွာ လုပ်ကိုင်ဆောင်ရွက်သောကြောင့် သစ်ခေါင်းကြီးသည် မိမိ၏လုပ်ငန်းဆောင်တာတို့၌ တစ်စတစ်စ မျက်နှာလွှဲလျက် အခွင့်အရေးပေးကာ လုပ်ကိုင်ဆောင်ရွက်စေလေ၏။ တစ်ခါတစ်ရံမောင်နံပိန်ကိုသာလွှတ်လျက် လုပ်သားများအား ငွေပေးစေခြင်း၊ သစ်များကို ချစေခြင်းတို့အတွက် ခိုင်းစေသဖြင့် မောင်နံပိန်သည် သစ်,ခေါင်းကြီး၏ ကိုယ်စားလှယ်တစ်ဦးဖြစ်နေလေ၏။ ဤနည်းဖြင့် ၁၀ နှစ်ခန့်ကြာရှိသောအခါ မောင်နံပိန်မှာ လခငွေ ၈၀ ကျပ် ရပြီဖြစ်၍ သစ်ခေါင်းကြီး၏ ကူညီမစခြင်းဖြင့်လည်းကောင်း၊ သစ်အလုပ်သမားတို့အား အတိုးနည်းနည်းနှင့် ငွေထုတ်ချေးခြင်းဖြင့်လည်းကောင်း ငွေ ၅၀၀၀ ခန့် ချမ်းသာသော လူပျိုတစ်ယောက်ဖြစ်လာလေ၏။ မောင်နံပိန်သည် ထိုကဲ့သို့ ချမ်းသာသော လူပျိုတစ်ယောက်ဖြစ်နေလေသော်လည်း ပျော်ရမ်းခြင်း၊ သောက်စားသွမ်းခြင်း၊ ကြော့ကြမ်းခြင်းတို့ ကင်းရှင်းသည့်အတိုင်း အပျော်အပါးကို နားမလည်ဘဲ တရုတ် အစားအသောက်ဆိုင်တို့နှင့်
mgyoe.com

mgyoe.com

မိတ်ကျွမ်းမဝင်သော လူပျိုတစ်ယောက်ဖြစ်သည့်အပြင် မိမိသခင် သစ်ခေါင်းကြီးထံမှာ နေလျက် ပြုပြင်စီမံခြင်းနှင့် လက်ဝေကိုခံ၍ မိမိ ကြေးငွေများကို သစ်ခေါင်းကြီးထံမှာပင်လျှင် အပ်နှံထားခြင်းပြုလေ၏။

သစ်,ခေါင်းကြီးသည် မောင်နံ့ပိန်၏ အစားအသောက် အနေအထိုင်တို့၏ ကျစ်လျစ်ပုံနှင့် အလုပ်အကိုင် အကြံအစည်တို့၌ ဉာဏ်ရှိ၍ ရိုးသားဖြောင့်မတ်ခြင်း၊ အောက်လက်ငယ်သားတို့ကို ကြင်နာသနားထောက်ထားခြင်း၊ အမျိုးသမီးပျိုတို့အား ကူညီစောင်မ၍ ၎င်းတို့အပေါ်၌ သစ္စာရှိခြင်းအရပ်ရပ်တို့ကို များစွာ သဘောကျ၍ နှစ်ခြိုက်လေ၏။ သို့ရာတွင် ၎င်းသည် မောင်နံ့ပိန်၏ စွမ်းရည်သတ္တိအရပ်ရပ်နှင့် ယောကျ်ားကောင်းတို့၏ အင်္ဂါချင်းရည်များကိုကား သိရှိသေးဟန် လက္ခဏာမရှိသေးပေ။ အခါတစ်ပါး၌ နွေဥတုဖြစ်၍ အလုပ်အကိုင်ပါးချိန်ဖြစ်သဖြင့် သစ်,ခေါင်းကြီးသည် မိမိ၏ အိမ်သူအိမ်သားများနှင့်တကွ သီဟိုဠ်ကျွန်းသို့ ဒေသန္တရ ဗဟုသုတအလို့ငှာနှင့် ဂေါတမ မြတ်စွာဘုရားသခင်၏ စွယ်တော်ကို ဖူးမြော်ရန်သွားသောအခါ မောင်နံ့ပိန်လည်း လိုက်ပါသွားရလေ၏။ ထိုအခါမှ မောင်နံ့ပိန်သည် အင်္ဂလိပ်လူမျိုးများနှင့် အခြားနိုင်ငံခြားသားများတို့ကို တွေ့ရသောအခါ အင်္ဂလိပ်စကား ကျကျနန ပြောတတ်ဆိုတတ်သည်ကို မြင်ရပြန်သဖြင့် သစ်,ခေါင်းကြီးဟဒယဝတ္ထုနှလုံးအိမ်၌ မောင်နံ့ပိန်သည် အမြဲတည်ရှိလျက် စွဲမြဲကာထင်ပေါ်နေလေ၏။

မောင်နံ့ပိန်ဆည် သီဟိုဠ်ကျွန်း၌ သစ်,ခေါင်းကြီးတို့နှင့် လှည့်လည်နေစဉ်အခါ ၎င်းသည်သာလျှင် မဂဓစကား၊ သီဟိုဠ်စကား၊ အင်္ဂလိပ်စကားတို့ ပြောရေးဆိုရေးအတွက် သစ်ခေါင်းကြီးတို့၏ စကားပြန်ဖြစ်သောကြောင့် သစ်ခေါင်းကြီးသည် မောင်နံ့ပိန်ကို အဘယ့်ကြောင့် ၎င်းစာတို့ကို တတ်မြောက်ပါသနည်းဟု မေးလေရာ မောင်နံ့ပိန်လည်း ကျွန်တော်သည် အချိန်ကို အကျိုးမဲ့အချည်းအနှီးကုန်လွန်ခြင်း မဖြစ်စေ
mgyoe.com

mgyoe.com
ပါ။ အချိန်အားလပ်ခွင့်ရတိုင်း သီဟိုဠ်ဘာသာ၊ မဂဓဘာသာတို့ကို လေ့ကျက်၍ အင်္ဂလိပ်စာကိုလည်း နော်မန်ကျောင်းဆရာ မဟာဘီလထံ၌ အလွတ်သင်ယူပါသည်။ ဆရာ မဟာဘီလသည်ကား လူပုံလူဟန် အလွန်သေးသော်လည်း များစွာ သဘောထားကြီးမြင့်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်နှင့်အညီ ပညာဆည်းပူးလိုသော ကျွန်တော့်အား သစ်တန်တွက် မှစ၍ သင်လိုသော ပညာရပ်တို့ကို သင်ပေးပါသည်ဟု မိမိ တိတ်တိတ် ပုန်း ပညာသင်ကြားခံယူသည်တို့ကို ပြန်ပြောင်းကာ ပြောဆိုလေ၏။

သစ်ခေါင်းကြီးသည် သီဟိုဠ်ကျွန်းမှ မိမိဒေသသို့ ပြန်ရောက်ပြီး နောက် ငါးနှစ်ခန့်ကြာ ရှိသောအခါ မိမိတို့မှာ အသက်အရွယ် အိုမင်း မစွမ်းရှိပြီဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကွန်မာနှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင် အသက်ကဲ့သို့ ချစ်ခင်၍ တစ်ယောက်တည်းဖြစ်လျက် ဆွေမျိုးညာတိနည်း သော သမီးအမာကို မောင်နံပိန်နှင့် ထိမ်းမြားလက်ထပ်ထားခဲ့ရန် စီမံ လေ၏။ မောင်နံပိန်လည်း အမာကို နှမကလေးကဲ့သို့ မေတ္တာထားရှိလာသူ ဖြစ်သည့်အတိုင်း သင့်တော်မည်မဟုတ်ကြောင်းနှင့် ငြင်းပယ်လေသော် လည်း သစ်,ခေါင်းကြီးမှာ မိမိသမီးကို မောင်နံပိန်နှင့်မှတစ်ပါး မျက်နှာ မလွှဲခဲ့လိုသဖြင့် တရားလမ်းကြောင်းပြ၍ ရိုးသားဖြောင့်မတ် တည်တံ့သူ မောင်နံပိန်ကို အခါခါတိုက်တွန်းလျက်ရှိသည့်ပြင် အမာ မှာလည်း မောင်နံပိန်ကို မေတ္တာထားရှိနှင့်သူ ဖြစ်သောကြောင့် မောင်နံပိန်သည် မိမိဆရာ့စကားကို လိုက်ပါနားထောင်လိုက်ရလေ၏။

ထိုသို့သောနည်းဖြင့် မောင်နံပိန်နှင့် အမာကို အိမ်ရာဆောင်နှင်း ပြီးနောက် ကာလမြင့်ရှည်သောအခါ သစ်,ခေါင်းကြီးတို့၏ ဇနီးခင်ပွန်း တို့သည် ဓမ္မတာသဘောတရားကို မလွန်ဆန်သာ၍ ဘဝတစ်ပါးသို့ ပြောင်းသွားကြရလေ၏။ မောင်နံပိန်တို့လည်း မိဘလက်ရင်းလက်ငုတ် ဖြစ်သောအလုပ်ကို ဆက်လက်လုပ်ကိုင်လာလေရာ လုံ့လဝီရိယရှိခြင်း၊ ရိုးသားဖြောင့်မတ်တည်ကြည်ခြင်း၊ စေ့စပ်သေချာခြင်းတို့ကြောင့်
mgyoe.com

mgyoe.com

ကုသိုလ်ကံအကျိုးပေးသည် အခွင့်သာနိုင်သဖြင့် သစ်စက်ပိုင်သူဌေးကြီး အဖြစ်နှင့် ကောင်းစားကြီးမြင့်လာလေ၏။ သူဌေးကြီးဦးနံ့ပိန်နှင့် ဒေါ်အမာတို့မှာလည်း ဘဝက အကျိုးပေးအားလျော်စွာ သမီးတစ်ယောက် သီသီကို ဖွားမြင်ရရှိ၍ အချိန်အရွယ်ရောက်သောအခါ ဦးနံ့ပိန်သည် မိမိသမီးအား မိမိတို့မြို့၌ပင် အင်္ဂလိပ်စာပေကို သင်ကြားပေးပြီးနောက် ၎င်းတို့မြို့၌ အတန်းကုန်သောအခါ သီဟိုဠ်ကျွန်းသို့ပို့၍ ပညာသင်ကြားစေပြန်လေ၏။

ဦးနံ့ပိန်တို့မှာလည်း နိုင်ငံခြားကုန်သည်ကြီးများနှင့် ဆက်သွယ်စာချုပ်၍ သစ်အလုပ်ကို လုပ်ကိုင်လာလေရာ စီးပွားရေးလုပ်ငန်းသည် အထူးသဖြင့် အပေါက်အလမ်း တည့်နေသဖြင့် တစ်ကျွန်းမှသစ်များကို သယ်ယူရန် ရွက်သင်္ဘောကြီးတစ်စင်းကို တည်ဆောက်ရလေ၏။ ထိုအခိုက်အတန့်၌ ကမ္ဘာစစ်ကြီးသည် မဆင်ဘဲနှင့် သည်းထန်စွာရွာသောမိုးကြီးကဲ့သို့ ပြင်းထန်စွာ ကျရောက်ဖြစ်ပွားလာလေ၍ ကမ္ဘာနှင့်အဝန်း စီးပွားရေးအလုပ်အကိုင်သည် ပျက်စီးလာလေသော်လည်း ဦးနံ့ပိန်တို့မှာကား ... တစ်ဦးနာမှ တစ်ဦးသာသည်ဆိုသော စကားနှင့်အညီ ရှေ့ကထက်တိုး၍ စီးပွားရေးလမ်းကြောင်း အခွင့်သာရန် အကြောင်းရင်းတို့သည် ဤသို့ ဖြစ်ပေါ်လာလေ၏။ ဥရောပတိုက်၌ စစ်ကိုသာလျှင် အထူးသဖြင့် ဝါယမ စိုက်ထုတ်နေရသောကြောင့် အလုပ်အကိုင်အရပ်ရပ်တို့သည် ပျက်စီးနေရာတွင် သစ်လုပ်ငန်းသည်လည်း အကြီးအကျယ် ပျက်စီးလျက် ရှိနေလေ၏။ ထို့ကြောင့် ကုန်စည်များကို ထုပ်ပိုးရန် သစ်ညှပ်များကို အင်္ဂလန်ပြည်သို့ ပျဉ်တိုက်၍ အမြောက်အမြားပို့ရလေ၏။ ဥရောပတိုက် အခြားမဟာမိတ်တိုင်းပြည်တို့သို့လည်း ထိုသစ်ညှပ် ပျဉ်များကို ပို့ရလေ၏။ သီဟိုဠ်ကျွန်း စက်ဘုတို့သို့လည်း စက်သင်္ဘောကြီးတို့သည် များစွာ မသွားမလာဝံ့ကြသဖြင့် သင်္ဘောလမ်း ပိတ်လုမတတ် ရှိနေသောကြောင့် ဦးနံ့ပိန်၏ ရွက်သင်္ဘောကြီးသည် ကုန်သင်္ဘောအဖြစ်

mgyoe.com

mgyoe.com

နှင့် သီဟိုကျွန်း၊ စကော်ပူတို့သို့ အခွင့်ကိုကြည့်၍ သွားလာခွင့်ရလေသည် အတိုင်း ရွက်သင်္ဘောတစ်စင်းကိုပင်လျှင် ထပ်မံတည်ဆောက်ရပြန်လေ၏။ ထိုအခါ၌ ဦးနံပိန်တို့မှာ စီးပွားရေးလမ်းသည် အလွန်ဖြောင့်လျက်နေလေသောကြောင့် ဆင်းရဲသည်ဆိုသောစကားနှင့် အလုပ်အကိုင်အကြံအစည်မတည့်ဆိုသော စကားတို့ကို မယုံမကြည် နားမလည်သကဲ့သို့ပင် အခွင့်သာကာ နေလေသည်။

ဦးနံပိန်၏သူငယ်ချင်း ဦးတုန်းတာမှာလည်း မန္တလေးတွင် ကြွယ်ဝချမ်းသာနေသဖြင့် ၎င်း၏အကြောင်းကိုလည်း နောင်အခွင့်သင့်သောအခါ သိကြရပေလိမ့်မည်။ ထိုသို့လျှင် အလွန် ပင်ပန်းဆင်းရဲလှစွာသော သူငယ်ချင်းနှစ်ဦးကို အစချီ၍ ပင်လယ်ပျော်သီသီဝတ္ထုကို အခြေတည်စိုက်လိုက်ပါသည်။

## သီသီ၏စွမ်းရည်

သီသီသည် သီဟိုဠ်ကျွန်း၌ တက္ကသိုလ်ပညာများကို သင်ကြားလျက် ရှိရာတွင် ပညာရည်၌ကား အမျိုးသမီးတိုင်းလောက်ပင် ချီးမွမ်းဖွယ်ရာ တတ်မြောက်သဖြင့် အထူးဖော်ပြရန် လိုလိမ့်မည်မဟုတ်ပေ။ သီသီ၏ ထူးခြားသော အရည်အချင်းတို့မှာကား ထမင်းဟင်း ချက်ပြုတ်ခြင်းအတတ်၊ စားပွဲထိုးအတတ် စသော အိမ်တွင်းမှုစီမံခြင်းအတတ်တို့ကို ကောင်းစွာ ကျွမ်းကျင်တတ်မြောက်သည်ပြင် ဓာတ်ဆီရထား (မော်တော်ကား) မောင်းခြင်းအတတ်ကိုလည်း အထူးပင် ကျင်လည်လျက်ရှိလေ၏။ ထိုမှတစ်ပါးလည်း ပင်လယ်ပြင်သို့ထွက်၍ လှေလှော်ခြင်း၊ လှေခတ်ခြင်း၊ ရွက်ဖွင့်ကာလွှင့်ခြင်း၊ ပင်လယ်ရေချိုး၍ ရေကူးခြင်းအတတ်တို့ကိုလည်း ဝါသနာအလျောက် အထူးသဖြင့် လေ့လာကျွမ်းကျင်လေသောကြောင့် မယ်စင်ရော်ဟူသောဘွဲ့ကို ကျောင်းသားအချင်းချင်းတို့က ချီးမြှင့်ထားကြလေသည်။
mgyoe.com

mgyoe.com


သီသီသည် သီဟိုဠ်ကျွန်း၌ အင်္ဂလိပ်စာပေပညာကို သင်ကြားနေစဉ်တွင်ပင် ကမ္ဘာစစ်ပွဲကြီးသည်လည်း ဗြိတိသျှအစိုးရ၏ ဉာဏ်ပညာစွမ်းရည်ထူးကြောင့် ရန်သူတို့ကို နှိမ်နင်းပြီးမြောက်သွားလေ၏။ ထိုအခါကစ၍ အလုပ်အကိုင် အရောင်းအဝယ်တို့သည် ပျက်ပြားလာပြီးလျှင် ကမ္ဘာကြီးသည် ဂျပန်ပြည်ကိုသာ မျက်နှာထားနေသကဲ့သို့ ဆင်းရဲစပြုလာလေ၏။ မြန်မာပြည်၌လည်း စပါးအရောင်းအဝယ်တို့သည် တစ်စတစ်စ ဈေးကျလာသဖြင့် မြန်မာပြည်ရှိ သစ်နှင့် ဆန်စပါးအလုပ်တို့ကို လုပ်ကိုင်သူတို့သည် စီးပွားရေး၌ ပျက်စီးစပြုလာလေ၏။ သီသီ၏ ဖခင် ဦးနံ့ပိန်မှာလည်း မိမိ၏ ရွက်သင်္ဘောကြီးများသည် ဟိုရှေးအခါကကဲ့သို့ အသုံးမဝင်ဘဲ ရှိလာလေ၍ ထိုသင်္ဘောကြီးများအတွက် အကြွေးအစည် ခဲယဉ်းစ တွေ့ကြုံလာရလေ၏။ တစ်ကျွန်းသို့ ကူးသယ် ခပ်သယ်သွားလာနေသော ရွက်သင်္ဘောကြီးမှာ သစ်ဈေးညှံ့ဖျင်းနေသည်အတိုင်း ရေးမြို့ဆိပ်ကမ်းတွင် ချိတ်ထားရလုမတတ် ဖြစ်နေလေ၏။ ထိုအခိုက်အတန့်၌ပင် မြိတ်မြို့မှ ကုန်အပြည့်နှင့် တင်ဆောင်လွှင့်လာသော ဦးနံ့ပိန်ပိုင် ရွက်သင်္ဘောကြီးသည်လည်း ကျိုက္ခမိဝတွင် ကျောက်ဆောင်နှင့်တိုက်မိသောကြောင့် ပျက်စီးသွားရလေ၏။ ထိုထိုတို့ကြောင့် ဦးနံ့ပိန်သည် စီးပွားရေးလုပ်ငန်း၌ နိမ့်ကျစဖြစ်လာလေတော့ပြီ။ သို့ရာတွင် ၎င်း၏နာမည်မှာကား အမျိုးသားခေတ်ကြီးသည် ဆိုက်ရောက်လာလေသည်အတိုင်း လောကီလောကုတ္တရာရေးတို့၌ အထက်တန်းရောက်နေလေသဖြင့် ငွေဝင်နည်းလျက်ရှိသော်လည်း အပိုအပန်းကုန်ကျရသောထွက်ငွေတို့မှာကား တိုးတက်ကြီးမြင့်လျက်ရှိနေလေသည်။

ဦးနံ့ပိန်မှာ ငွေဝင်နှင့်မမျှအောင် ကြေးငွေကျပ်တည်းလာလေ၍ မန္တလေးမြို့ရှိ သူငယ်ချင်းထံက ငွေကြေးများကို လှယ်ယူကာ သုံးစွဲနေရလေ၏။ မန္တလေးမြို့ရှိ သူငယ်ချင်း ဦးတုန်းတာကလည်း ဦးနံ့ပိန်အလိုရှိသမျှလောက်ကိုပင် ဆိုင်းတွခြင်းမရှိဘဲ အမြဲကူညီကာ ရှိလေ၏။

mgyoe.com

mgyoe.com

သို့ရာတွင် ဦးတုန်းတာသည် ဦးနံပိန်၏အပေါ်၌ သူငယ်ချင်းတို့၏ ဝတ္တရားအတိုင်းသာလျှင် ဆောင်ရွက်လေ၍ တစ်စုံတစ်ရာမျှသော ကျေးဇူးကို ရည်ရွယ်မျှော်လင့်ဟန် မရှိပေ။ ဤနည်းဖြင့် တစ်စတစ်စ တဖြည်းဖြည်း ဦးတုန်းတာထံမှငွေတို့သည် ဦးနံပိန်ထံ၌ သုံးသောင်းခန့် ပင် တင်ရှိနေလေသည်။

သီသီသည်လည်း မိမိ၏မိဘများ၌ ငွေကြေးများ ရှုံးပါးပျက်စီးနေသည်ကိုမသိဘဲ ကျောင်းကထွက်လာလေ၍ မိမိအိမ်၌ အပေါင်းအသင်း မိတ်ဆွေတို့နှင့် ခေတ်ကာလ စာပေပညာတတ်အမျိုးသမီးတို့၏ စရိုက်အတိုင်း ပေါင်းသင်းဆက်ဆံ သွားလာနေသောကြောင့် ငွေဖြုန်းမ၊ အိမ်ပူဆာမကလေးတစ်ယောက် ဖြစ်နေသည်အတိုင်း ခဏခဏ ကျိုက္ခမိ ပင်လယ်ရေချိုးဆိပ်၊ မောင်းမကန်ပင်လယ်ရေချိုးဆိပ်များတို့သို့ ၎င်း၏ သူငယ်ချင်းအပေါင်းအတော်များနှင့် သွားရောက်ပျော်ပါးနေလေသဖြင့် မနားတမ်း ငွေဖြုန်းလျက်ရှိနေလေ၏။

တစ်နေ့သ၌ ဦးနံပိန်သည် သီသီကိုခေါ်၍ ဤသို့ပြောဆိုလေ၏။ သီသီ လောက၌ သူဌေးသဘက်ပျက်သည်ထက် သူတောင်းစားခွက်မှောက် သည်ကသာ ဆိုးသည်ဆိုသောပုံစကား ဆိုငြားပါသော်လည်း မြစ်ထဲ၌ ဝါးဖောင်ကလေးသည် ပျက်စီး၍ ဝါးများမနစ်မမြုပ်သော်လည်း ပင်လယ်ထဲ၌သံသင်္ဘောကြီး ပျက်စီးပါက စုံးစုံးမြုပ်၍သွားလေဘိသကဲ့သို့ ယခု ငါတို့၏စီးပွားရေးလည်း ဆယ်မရလောက်အောင် တွေ့ကြုံလာရ ချေပြီ။ အလုပ်အကိုင်၊ အရောင်းအဝယ်ဟူသမျှမှာလည်း ကြံတိုင်းဖန်တိုင်း မဟန်လေသောကြောင့် အပေါက်လမ်းမတည့် ဖြစ်နေလေ၍ ရွက်သင်္ဘော ကြီးကို ဆိုက်ကပ်၍ ချိတ်ထားရသည်မှာ အတော်ပင် ကြာချေပြီ။ ငွေဝင်မရှိဘဲ ထွက်ငွေများမှာကား မစဲနိုင်လောက်အောင် ကြုံကြိုက်နေ လေပြီ။ ဤကဲ့သို့ ကြုံကြိုက်ငြားသော်လည်း ခေတ်ကာလကြီးမှာ ဂုဏ် သရေကား မယုတ်လျော့၍ များစွာပင် အကျပ်အတည်း တွေ့ကြုံရချေပြီ။
mgyoe.com

mgyoe.com

ထို့ကြောင့် သမီးချစ်သည် မန္တလေးမြို့ရှိ ဖေဖေ၏သူငယ်ချင်း ဦးတုန်းတာ ထံသို့ သွားရောက်၍ ငွေနှစ်သောင်းလောက် လှည့်ချေပါ။

သီသီသည် ငလျင်မိသောကြက်ကဲ့သို့ ရုတ်တရက် တွေဝေ၍ ဖခင်၏ရှေ့တွင် ခေါင်းငိုက်စိုက်ကျပြီးသော် ဖေဖေ ရှေးအဆက်ဆက်က ဆက်ဆံဖူးပါသလားဟု တုန်ချည့်သောအသံနှင့် မေးလေ၏။

ဦးနံပိန်လည်း မချိမသာသောစိတ်ကို မျိုသိပ်လျက် အင်း ... သမီးချစ်၊ ရှေးအထက်ကလည်း ဆက်ဆံနေကျဖြစ်၍ ဖေဖေ၏သူငယ် ချင်းက ကူညီလာခဲ့သည်မှာ ငွေလေးသောင်းခန့်ပင် ရှိချေပြီ။ ယခုလည်း သင်္ဘောကြီးနှင့် စက်ရုံကို မရောင်းရမီ ငွေနှစ်သောင်းလောက် သွား ရောက် ယူချေပါ။ စက်ရုံကြီးနှင့် သင်္ဘောကို ရောင်းချပြီးလျှင် ဤငွေ မျှလောက်ကို အလွယ်တကူနှင့် ချေဆပ်နိုင်ဖို့ ရှိပေသည်။ ထို့ကြောင့် မကြာမီပင် မန္တလေးသို့ သွားရောက်စေလိုသည်။ ဖေဖေလည်း စာ ကြိုတင်၍ ရေးပို့လိုက်မည်။

သီသီသည် မိမိကား သူဌေးသမီးတစ်ယောက်ဟု ဆင်းရဲပင်ပန်း ခြင်းကို ကျော်ခိုင်းလျက် စည်းစိမ်ယစ်မူးကာ နေခဲ့လေ၍ ဤနေ့ဤအချိန် ထိလည်း မိမိကိုယ်ကို သူဌေးသမီးတစ်ယောက်ဟု ထင်မိသေး၏။ အလုပ်အကိုင်အတွက်လည်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆပင် နေခဲ့ မိ၏။ ဖခင်ဖြစ်သူ၏ ကြေကွဲဖွယ်သောစကားတို့ကို ကြားရသောအခါ နေရှိန်ကြောင့် မှိန်၍ နွမ်းရာလေသည့် ပန်းပွင့်ကဲ့သို့ ကွန့်မြူးတောက်ပေ နေသောစိတ်တို့သည် တွန့်၍သွားလေ၏။

ရှက်ခြင်းနှင့် ဝမ်းနည်းခြင်းသည်လည်း ရောထွေးလျက် အသက် ကိုပင် မှန်မှန်မရှူနိုင်ဘဲ ဓာတ်မီးစက်ခုံကဲ့သို့ တုန်၍နေသည်။ မိမိဘဝင် ကို အသာအယာဖိပြီးလျှင် ဣန္ဒြေဆောင်ကာ ဖေဖေ ကျွန်မအလုပ်ရှာပြီး သော် လုပ်ခဲ့ပါလျှင် မန္တလေးသို့သွားရန်ကိစ္စ အေးမည်မဟုတ်ပါလားရှင် ဟုမေးလေ၏။
mgyoe.com

mgyoe.com


ဦးနံ့ပိန်သည် တစ်ယောက်တည်းသော ရွှေပေါ်မြတင် သမီးကလေးကို ဝမ်းနည်းသောကြည့်ခြင်းဖြင့် ကြည့်လျက် တစ်စုံတစ်ရာမျှ စကားမဆိုဘဲ ခေါင်းခါ၍သာ နေလေ၏။ သီသီလည်း ဦးတုန်းတာ၌ မိမိနှင့်အရွယ်တူ သားတစ်ယောက်ရှိကြောင်းကို ကြားဖူးသဖြင့် လူပျိုကလေးတစ်ယောက်ရှိသောအိမ်သို့ ငွေလှယ်ယူရန် သွားရောက်ရမည်မှာ အလွန်လျှင် ဝန်လေးရှက်ကြောက်ဖွယ် ဖြစ်လေရကား ဖခင်၏ရှေ့၌ နတ်ကျသကဲ့သို့ ဒူးဆတ်ဆတ်တုန်လျက် ချွေးစေး (စီး) ပြန်လာလေ၏။ သို့ရာတွင် ၎င်း၏ဖခင်သည် ၎င်းကို အလွန်အလိုလိုက်ခဲ့၍ အလိုရှိသမျှတို့နှင့် ပြောဆိုသမျှ၊ ပူဆာသမျှတို့အား မတွန့်တို မထစ်မငေါ့ဘဲ လိုက်လျောခဲ့သည်တို့ကို ထောက်ဆခြင်းဖြင့် ဖခင်၏စကားကို ငြင်းပယ်ရမည်မှာ မလျော်လွန်းသောကြောင့် ဝန်လေးပင်ပန်းလှပြီးလျှင် တောက် ... တောက်နှင့် အချိန်မှန်မှန်သွားနေသော ဧည့်ခန်းရှိနာရီကြီးကိုသာ ဗေဒင်မေးမြန်းနေဘိသကဲ့သို့ ကြည့်နေမိလေ၏။ ဦးနံ့ပိန်လည်း ထိုအရေးကိစ္စ၌ သမီး၏ရှက်ကြောက်နေပုံကို သိမြင်လေ၍ ဩော် ... သီသီ ငွေယူရန်သွားဖို့ ရှက်ပါသလားဟု မေးပြန်လေ၏။

သီသီသည် ဖခင်၏ ထိုသို့အမေး၌ မိမိ၏အသက်ကိုသာလျှင် အသေခံလိမ့်မည်၊ ပြန်၍ ငြင်းပယ်ပြောဆိုခြင်းကိုကား မပြုရက်သဖြင့် မိမိ၏ ညှိုးငယ်သောမျက်နှာထားကို တိမ်ကြားမှ ထွက်ပြူလာသော နေကဲ့သို့ ရဲရဲတောက်ပြင်ပြီးလျှင် ထိုနေ့နံနက်က ဖတ်လိုက်မိသည့် သတင်းစာပါ အကြောင်းတစ်ရပ်ကို သတိရရှိလာပြီးနောက် ဖေဖေလိုအပ်သော ကိစ္စသည် ပြီးမြောက်နိုင်ဖို့ ရှိပါသည်ဆိုလျက် ဖခင်၏မျက်မှောက်မှ ရှိသေစွာ ထွက်ခွာသွားလေ၏။

ထိုနေ့၌ သီသီသည် အလွန်အလုပ်များ၍ ဓာတ်ဆီရထား (ကား) တစ်စင်းနှင့် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ကာ ရှိနေလေ၏။ နိုင်ငံခြားသားကုန်သည်ကြီးတို့သည်လည်း သီသီကိုယ်တိုင် လာရောက်ပြောဆိုသည့်

mgyoe.com

mgyoe.com

အတွက် သီသီနှင့် စကားမတည့်မည်ကို စိုးရိမ်၍ အလွန်လိုက်လျောကြလေကုန်၏။ အချို့ဆိုင်ရှင်တို့ကလည်း သီသီလိုအပ်သော စရန်ငွေတို့ကို ကတိပြုစာချုပ် ပြုလုပ်၍ပေးကြလေ၏။ သီသီတို့၏ ရွက်သင်္ဘောကြီးရှိ သင်္ဘောသားတို့မှာလည်း (လေမလာ ကြာတိုင်းကောင်း၊ လေ့သူကြီးကို လေ့သားရောင်း) ဆိုဘိသကဲ့သို့ ရွက်သင်္ဘောကြီးကို ဆိုက်ကပ်ထားရပြီးလျှင် လပေါင်းများစွာ အေးအေးနှင့် လခမှန်မှန် ရနေသည့်အတွက် ပဒေသာပင်မှ မတောင့်မတ မကြောင့်မကြရဘဲ စားနေရသည့်အလားတူ ဖြစ်နေရာတွင် သီသီကိုယ်တိုင် လာရောက်၍ ရတ်တရက်ချက်ချင်းပင် နက်ဖြန်သင်္ဘောထွက်ရမည်၊ လိုသမျှသော စားရေရိက္ခာတို့ကို ဆောင်ထားကြပါဟု အမိန့်ပေးသွားသဖြင့် များစွာ အံ့အားသင့်ကာ ရှိနေကြလေ၏။

နောက်တစ်နေ့ညနေ၌ သီသီသည် မိဘနှစ်ပါးကို ကန်တော့ခဲ့၍ အစေခံမိန်းကလေးတစ်ယောက်နှင့် ၎င်း၏အိမ်မှ ထွက်ခွာခဲ့လေ၏။ ၎င်း၏ မိဘနှစ်ပါးတို့ကမူကား သီသီသည် မန္တလေးသို့ ထွက်ခွာသွားလေပြီဟု ထင်မှတ်ကြလေ၏။ သို့ရာတွင် သီသီမှာကား မိမိတို့၏ ရွက်သင်္ဘောကြီးသို့ သွားရောက်၍ သင်္ဘောကို ကိုယ်တိုင် စီမံအုပ်ချုပ်ပြီးသော် ရေကျနှင့်လိုက်ပါပြီးလျှင် အုန်းကျွန်းသို့ လွင့်သွားလေ၏။ သီသီသည် မိမိ၏ဆန္ဒအတိုင်း ဝါသနာအလျောက် ပင်လယ်ပြင်သို့ထွက်၍ သင်္ဘောလွှင့်ရသဖြင့် အလွန်ပျော်မွေ့ကာ ရှိနေလေ၏။ အကယ်၍ ၎င်း၏မိဘတို့သည် ဤကဲ့သို့ သီသီဆောင်ရွက်ပြုလုပ်မည်ကို ကြိုတင် သိရှိရချေသော် လုံးလုံးပင် အခွင့်ပြုလိမ့်မည် မဟုတ်ပေ။

ပင်လယ်ပြင်သို့ ရဲဝံ့စွန့်စားကာ ထွက်သွားသည်ကို သိရလျှင်လည်း မည်မျှလောက် စိုးရိမ်ကြောင့်ကြရှိမည်ကို စိတ်ကူးတိုင်း ထွက်ဖွယ်ရာရှိလျက် သီသီ၏မိခင်မှာ မျက်ရည်နှင့်မျက်ခွက် မပြတ်အောင်ပင် ဖြစ်ရပေလိမ့်မည်။ သီသီထွက်ခွာသွားသောအချိန်မှာလည်း လေဦးလေရူး ပေါ်လုဆဲ တပေါင်းလရာသီဖြစ်လေ၍ ပင်လယ်ပြင်၌ သွားလာ

mgyoe.com

mgyoe.com

နေကျ ဖြစ်သော ရွက်သင်္ဘောသူကြီးများပင် အုန်းကျွန်းသို့ သွားရောက်ရန် ကြောက်ရွံ့လျက် ရှိချေသည်။

သီသီသည် မိမိ၏မိဘပစ္စည်း ပျက်စီးနေသည်ကို သိရ၍ သခင်ါရ တရားဟု အောက်မေ့ပြီးလျှင် ဖြေဆည်နိုင်ဟန် ရှိသော်လည်း မိမိနှင့် အရွယ်တူလူပျိုကလေးတစ်ယောက်ရှိသော သူတစ်ဦးထံ၌ သွားရောက်၍ ငွေချေးယူရမည်ကိုကား အလွန်ရှက်ကြောက်ခြင်းဖြစ်လျက် ၎င်းသည် သေမင်းကို မိတ်ဆွေဖွဲ့ရန်သာ ရှိတော့သည်ဟု ရုတ်တရက် စိတ်ကစား မိပြီးသော် ထိုအခါက ၎င်း၏ ဖခင်မျက်မှောက်၌ တွေဝေစဉ်းစားနေစဉ် ထိုနေ့နံနက်က သတင်းစာထဲတွင် အုန်းခင်းပေါင်းများစွာမှာ ပိုးကျသဖြင့် များစွာ ပျက်စီးလျက်ရှိကြောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ် ရပ်ကွက်၌ အုန်းပင်များလည်း မရှိသလောက်ပင် ဖြစ်သွားကြောင်းတို့ ပါရှိသည်ကို သတိထင်မြင်လာပြီးလျှင် မိမိဖခင်၏ ပျက်စီးသောစည်းစိမ်ချမ်းသာများ ကို တစ်လုံးလျှင် တစ်ပဲတန်၊ နှစ်ပြားတန် အုန်းသီးကလေးများနှင့် ကယ်တင်မည်ဟု အကြံဖြစ်ပေါ်လာလေ၏။ ထို့နောက်တစ်ဖန် သိန်းချီ၍ ပျက်စီးနေသော ငါ့မိဘပစ္စည်းတို့ကို တစ်လုံးလျှင် နှစ်ပြားတန် အုန်းသီး တို့နှင့် ဆယ်ယူဖာထေးရမည်မှာ သင်္ဘောပေါက်သည်ကို ဆန်ဆေး တောင်းနှင့် ဖာထေးသကဲ့သို့ ဖြစ်တန်ရာ၍ ရူးနှမ်းသောအကြံအစည်မျှ သာလျှင် ဖြစ်တန်ရာ၏ဟု မိမိအကြံအစည်ကို မိမိရှက်စနိုးဖြစ်ပြီးမှ ဥပမာတစ်ခုကို ဤသို့ ထင်မြင်မိလာပြန်လေ၏။

သံလွင်မြစ်ဝကြီးသည် အလွန်ကျယ်၍ ပင်လယ်ကူးသင်္ဘောကြီး များတို့ ဝင်ရောက်ဆိုက်ကပ်လျက် ကုန်များကို နေ့စဉ်နှင့်အမျှ သယ်ယူ နေလေပြီ။ ထိုသို့သော မြစ်ဝကျယ်ကြီးမဖြစ်မီ သံလွင်မြစ်မကြီးသည် ပန်းစည်းကြိုးသာသာမျှသာဖြစ်သော ရေစမ်းချောင်းကစပြီးလျှင် စီးဆင်းရပေသည်။ ငါ ကြံစည်စိတ်ကူးမိခြင်းသည်ကား ရူးသွပ်သော ဝေဒနာကပ်ရောက်ခြင်းမဟုတ်။ လေထဲ၌ တိုက်အိမ်ဆောက်ခြင်းလည်း
mgyoe.com

mgyoe.com

မဟုတ်။ ဆော်ဒါပုလင်းဖွင့်ခြင်းလည်း မဟုတ်။ တဟုတ်ဟုတ်နှင့် ဖားဖိုမှ လေထုတ်ခြင်းလည်းမဟုတ်။ ကောက်ရိုးပုံ၊ မှို့ပုံတို့၌ ကျရောက်သော မီးကလေးမျှသာ ဖြစ်တန်ရာပေသည်။ ငါ၏ အကြံအစည်ကို သူတစ်ပါးအား ပြောဆိုတိုင်ပင်နေလျှင်လည်း ကျွဲပါးစောင်းတီးမျှသာ ဖြစ်ရပေလိမ့်မည်ဟု သီသီသည် အောက်မေ့တွေးဆပြီးသော် ၎င်း၏ ဖခင်မျက်မှောက်မှ ထွက်ခွာခဲ့၍ သတင်းစာဖတ်ခြင်း၏ အနှစ်သာရဖြင့် စိတ်ကူးဉာဏ်ကူး ပေါ်လာလျက် ဓာတ်ဆီရထားတစ်စင်းနှင့် အုန်းသီး အရောင်းအဝယ်ပြုလုပ်သော နိုင်ငံခြားသား ကုလားကုန်သည်များထံ၌ သွားရောက်စေ့စပ်၍ အုန်းသီးရှားပါးစဉ်အခါ ဖြစ်သည့်အတိုင်း အုန်းသီး တစ်ရာလျှင် ကိုးကျပ်ဈေးနှင့် စာချုပ်ချုပ်ဆိုခဲ့လေ၏။ အချို့ ကုန်သည်ကြီးများထံမှလည်း စရန်ငွေကိုပင် လက်ခံယူခဲ့လေသည်။

ဤနည်းဖြင့် သီသီသည် မိမိအား အသက်အသွင် ချစ်ခင်သည့် အလျောက် မျက်စိအောက်မှ မပျောက်စေလိုသော မိဘနှစ်ပါးတို့ကိုမျှပင် မသိစေရဘဲ အုန်းကျွန်းသို့ သင်္ဘောသူကြီးမ ပြုလုပ်ပြီးလျှင် ထွက်ခွာသွားလေသည်။

သီသီသည် သင်္ဘောလွှင့်လေရာ အရဏ်ကျင်း၍ လင်းသို့ရောက်သောအခါ တနင်္သာရီရိုးမတောင်တန်းကြီးကို ကျော်၍ ထွက်လာသည့် နေသည် ဆားငန်ရေအတိဖြစ်သော ပင်လယ်ပြင်၏ အဟုန်ပြင်းစွာ တက်ကြွနေသည့် လှိုင်းလုံးတို့ကို အရောင်ဟပ်သဖြင့် ငွေစိုင်ငွေတုံးကြီးများသည် အထပ်လိုက် အထပ်လိုက် တိုးဝှေ့တက်ကြွနေဘိသကဲ့သို့ ဖြစ်နေလေ၏။ စင်ရော်ငှက်တို့သည်လည်း သင်္ဘောပေါ်၌ ပျံဝဲ၍လည်းကောင်း၊ လှိုင်းလုံးများပေါ်တွင် စီး၍လည်းကောင်း ကစားရင်းလိုက်ပါနေကြကုန်၏။

ထိုကဲ့သို့ ပင်လယ်ပြင်၏အာရုံသွေးငင်ရာသို့ သီသီသည် ကြည့်မဝသော ကြည့်ခြင်းဖြင့် ကြည့်ပြီးလျှင် မိမိ၏ခရီးသွားခြင်းကို အလွန်

mgyoe.com

mgyoe.com


ပျော်မွေ့ခြင်းဖြင့် ရှိနေလေ၏။ သို့ရာတွင် ထိုကဲ့သို့ ခရီးသွားခြင်းမှာ လက်ဦးအစဖြစ်သောကြောင့် အရပ်လေးမျက်နှာကိုမထင်၊ ကမ်းဆို၍ လုံးလုံးမမြင်ရသည့် ပင်လယ်ထဲ၌ အကယ်၍ သင်္ဘောပျက်ခဲ့သော်ဟု စိတ်အားငယ်ဟန် လက္ခဏာရှိလာ၏။ ထို့နောက်မှ ပင်လယ်ပြင်သို့ သင်္ဘောလွှင့်ရခြင်းသည် ကြောက်မက်ဖွယ်ရာ တစိုးတစိမျှ မရှိသင့်ပေ။ ပင်လယ်ထဲ၌ လှေငယ်တစ်စင်းနှင့် သွားလာနေသော တံငါသည်တို့သည် ပင်လျှင် တစ်နှစ်တွင် ဆယ်ယောက်ခန့်မျှ လှေပျက်၍ မသေဆုံးကြသော် လည်း ကုန်းပေါ်၌ သွားလာနေသည့် မီးရထားတို့သည် တစ်စုံတစ်ရာသော အကြောင်းတို့ကြောင့် ပျက်စီးကြရသဖြင့် လူပေါင်းများစွာတို့ နှစ်စဉ် ဒုက္ခတွေ့ရသည်ကို ထင်ပေါ်လာလျက် ဆားငန်ရေအတိဖြစ်သော ပင်လယ်ရေပြင်သည် လေး၍ ဝတ္ထုပစ္စည်းတို့သည် မြစ်ထဲမှာထက် ပင်လယ်ထဲတွင် ပေါ်နိုင်သည့် ကျောင်းသင်ပညာရပ်တို့ကိုလည်းကောင်း၊ အကယ်၍ သင်္ဘောပျက်က ပျဉ်တစ်ချပ်ချပ်၊ ဝါးတစ်လုံးလုံးကို ကိုင် တွယ်မိရုံမျှနှင့်ပင် အသက်မသေနိုင်ဘဲ ဒီလှိုင်းတို့ကြောင့် ကမ်းသို့ တစ်နေ့နေ့တွင် ဆိုက်ရောက်ရမည်အကြောင်းတို့ကို လည်းကောင်း ပေါ်ထင်လာလေရကား အလွန်ရဲရင့်လာလေ၏။

ပင်လယ်ပြင်သို့ တိုး၍တိုး၍ ထွက်ရောက်တိုင်း ရေသည် ကြည် လွန်းလျက် နက်ကြုတ်ရောင်ရှိ ဆားငန်ရေတို့နှင့် ထပ်မနား တက်ကြွ လှုပ်ရှားနေသည့် လှိုင်းလုံးတို့ကို ကြည့်ကာ ၎င်း၏ ဝါသနာအတိုင်း အလွန်နှစ်ခြိုက် ပျော်မွေ့ပြီးသော် မိမိတို့၏ပစ္စည်း ပျက်စီးနေခြင်းကို မေ့လျော့ပျောက်ပျက်နေလေ၏။

သီသီသည် အုန်းကျွန်းသို့ရောက်ရာ အုန်းသီးပါးပုတ်ပြီး ငါးသောင်းကိုတင်၍ အနောက်တောင်လေဦးတွင် ပြန်လာလေ၏။ အုန်းခွံတို့ကိုလည်း စွန့်မပစ်ခဲ့ဘဲ သင်္ဘောနှင့် တွဲဆောင်ကာ ယူခဲ့လေ၏။ လမ်းခရီး၌လည်း ရေကမ်းခြေဘုတ်ပြင်တွင် ငါးခြောက်ပြုလုပ်နေသော

mgyoe.com

mgyoe.com

လှေကြီးများနှင့် တွေ့၍ ငါးခြောက်အချို့နှင့် အုန်းသီးများကို လဲလှယ်ယူခဲ့ပြန်သဖြင့် သီသီ၏သင်္ဘောတွင် အုန်းသီးများအပြင် ငါးပုပ်ခြောက်၊ ငါးအူကြီးခြောက်တို့လည်း များစွာ ပါလာသဖြင့် အကျိုးကျေးဇူးများစွာ ရှိလေသည်။

သီသီသည် မိမိဒေသသို့ ပြန်ရောက်ကာလ အကြောင်းအကျိုးကို မိဘနှစ်ပါးတို့ သိရလေလျှင် လူနှင့်မလိုက် စွန့်စားခြင်းအတွက် အလွန့်အလွန် အံ့သြကြသည့်ပြင် ပင်လယ်ပြင်သည် အလွန်ဆေးဥပဒ်ထူပြောလှ၍ ကြောက်မက်ဖွယ်ကောင်းပေသည်ဟု လူတိုင်းလောက်ကပင် ပြောဆိုကြသောကြောင့် များစွာ အသည်းနှလုံးတုန်လှုပ်ခြင်း ဖြစ်ကြလေ၏။

နောက်တစ်ဖန်လည်း ထိုကဲ့သို့ မသွားမရောက်ရန် တားမြစ်ကြလျက် ငွေရေးကြေးရေး ကျပ်တည်းကြောင်းနှင့် ပတ်သက်ပြီးလျှင် သီသီ၏ မိဘနှစ်ပါးတို့သည် သီသီကို စကားစပ်၍မျှပင် မပြောမဆိုကြငြားပါသော်လည်း သီသီမှာ ပထမတစ်ကြိမ် ရမ်း၍ စွန့်စားလိုက်ခြင်း၌ ကောင်းစွာ အထမြောက်သဖြင့် မိမိတို့အလိုရှိသော ကြေးငွေ၏ အချို့အဝက်ကို လွယ်လင့်တကူနှင့် တတ်နိုင်သည့်ပြင် အုန်းဆံကြိုးပြုလုပ်ရန် အလုပ်ရုံငယ်တစ်ခုကို မြန်မာပြည်ကြီး၏ အချက်အချာ မြို့ကြီးတစ်မြို့တွင် စမ်းသပ်ခြင်းအားဖြင့် တည်ထောင်နိုင်လျက် မိမိ၏ ရည်ရွယ်ချက်အတိုင်း မိခင်တိုင်းပြည်ကြီးအကျိုးကို အာဇာနည် အမျိုးသမီးပီပီ ဆက်လက်၍ ဆောင်ရွက်နိုင်စိမ့်သောငှာ ဒုတိယတစ်ကြိမ်လည်း မိဘတို့မသိရအောင် ရွက်သင်္ဘောကြီးကို ဦးစီးလျက် အုန်းကျွန်းသို့ သင်္ဘောလွှင့်ပြန်လေ၏။

သီသီသည် ပင်လယ်ပြင်သို့ ဒုတိယတစ်ကြိမ် သင်္ဘောလွှင့်သောအခါ၌ အနောက်တောင်ရာသီလေသည် ကျရောက်လာပြီဖြစ်၍ လှိုင်းတို့သည် အလွန်ပြင်းထန်စ ဖြစ်လေ၏။ သင်္ဘောပဲ့နင်းကြီးလည်း သီသီအား "မမလေး ပင်လယ်ပြင်သည် ဆူလျက် အလွန် ပြင်းထန်စပြုလာပါပြီ။

mgyoe.com

mgyoe.com


မတော်တဆ တိမ်းယိမ်းခဲ့သည်ရှိသော် လှိုင်းကြမ်းလေကြမ်းတို့ အထဲ၌ အများက ကဲ့ရဲ့စရာ ဖြစ်ရပါလိမ့်မည်။ အလွန်ပြင်းထန်သော မုတ်သုံလေကြောင်းထဲ၌လည်း အုန်းကျွန်းသို့ အရောက်သွားရမည်မှာ များစွာပင် ခက်ခဲဖို့ရှိပါသည်" ဆိုလေလျှင် သီသီလည်း စိုးရိမ်ခြင်းစိုးစဉ်းမျှ မရှိသော မျက်နှာထားနှင့် ဤသို့ ပြန်ကြားပြောဆိုလေ၏။

"ဦးရိုးရှင် ...၊ ပင်လယ်ပြင်နှင့် အသက်မွေးဝမ်းကျောင်းပြုသောသူတို့သည် ပင်လယ်ထဲရှိ လှိုင်းလေတို့ကို မိတ်ဆွေဟု မထင်မှတ်ဘဲ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများပါတကားဟု ထင်မှတ်ထိုက်ပါသလား။

ဦးရိုးသည်လည်း သင်္ဘောသားအဖြစ်နှင့် ပင်လယ်ပြင်တွင် အတော်ပင် ဝါရင့်နေပြီဖြစ်၍ လှိုင်းလေတို့အပေါ်၌ အလွန်ပါးနပ်လှသည်ဟု ကျော်ကြားပြီးမှ ယခုကဲ့သို့ ထိတ်လန့်ဖွယ်ရာ စိုးရိမ်သောကကြီးစွာနှင့် ပြောဆိုသည်မှာ မိမိတွင်ရှိသော ဂုဏ်ကိုပင် ရှုတ်ချရာရောက်နေပြီ မဟုတ်ပါလား၊ စစ်မြေပြင်၌မသေဝံ့လျှင် သူရဲကောင်းအမည်ကို ရထိုက်ပါသလား၊ ယခုအခါ၌ မိုးဦးကျတော့မည် ဖြစ်သောကြောင့် ကုန်းမြေတစ်ဝိုက်၌ ဖူးပွင့်ငုံအာ ကိုက်ညှောက်ဖြာ၍ ရာသီအကူး စိတ်ကြည်နူးအောင် မာယာဆောင်သည်၊ တောတောင်ဓလေ့၊ ဖန်တိုင်းမွေ့ရှင့် ... ဆိုသော စကားအတိုင်း အလွန်ကြည်နူး နှစ်ခြိုက်ဖွယ်ရာ ရှိဘိသည်ထက် ပင်လယ်ပြင်၌ တောင်လေမြူးစကြောင့် ချီးကျူးမကုန်၊ တောင်ကြီးများပုံထားဘိသကဲ့သို့ တအိအိနှင့် တက်လာသော လှိုင်းလုံးကြီးများနှင့် လှိုင်းလုံးတို့အပေါ်၌ မြစိမ်းသားအသွင် ဘော်ငွေစင် ရောယှက်ထားဘိသည်အလားကဲ့သို့ စိတ်ဝင်စားနိုင်သလောက် စိတ်ဝင်စားပြီးလျှင် စိတ်ကူးကာ ထင်မြင်လိုတိုင်း ထင်မြင်နိုင်စေလျက် စိတ်အာရုံ ကြည်လင်ဖွယ်အရပ်ရပ်တို့သည် ကျွန်မတို့စိတ်နှလုံးကို သိမ်းကျုံး၍ ပျော်ရွှင်စေပြီးသော် ဂုဏ်ကိုလည်း ထင်ပေါ်သည်ထက် ထင်ပေါ်စေမည် မဟုတ်ပါလား။

ယခုအခါ၌ မုတ်သုံလေသည် တဖြည်းဖြည်း ပြင်းထန်လာပြီ

mgyoe.com

mgyoe.com

ဖြစ်ချေသောကြောင့် အုန်းကျွန်းသို့ သွားရောက်ရန် ခက်ခဲမည်ကား မှန်ပေလိမ့်မည်။ သို့ရာတွင် ဦးရီးသည် လေကြောင်း၌ ကျင်လည်၍ ရွက်ပုန်းခိုးကာ တိုက်ခြင်းအတတ်၌ ကော်ကနုဟု ထင်ရှားနေမည် မဟုတ်ပါလား။ အကယ်တန္တု လှိုင်းလေပြင်းထန်လွန်း အားကြီးသဖြင့် အခွင့်မသာပြန်လျှင်လည်း ကျွန်မတို့သင်္ဘောကြီးကို ကမ်းမြှောင် တစ်လျှောက်၌ ကုန်းလေညင်း၊ ပင်လယ်လေညင်းတို့ကို အမှီပြု၍ ဟင်းဇာဘုတ်၊ လောင်းလုံဘုတ် စသော ဘုတ်ကျွန်းကြီးများမှာ လေခိုပြီးလျှင် ထားဝယ်စွန်းရှင်မော်သို့ ရောက်သောအခါမှ ကမ်းရိုးတန်းရှိ တောင်ကြီးများကို ရိုက်ခတ်၍ပြန်လာသော လေ၏အရှိန်နှင့် ကုန်းလေညင်းကို အမှီပြုပြီးလျှင် အနောက်တည့်တည့် အုန်းကျွန်းသို့ ရွက်ပြင်းတိုက်သွားရပါမူ ကျွန်မတို့ လိုသောအရပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်လိမ့်မည် မဟုတ်ပါလားရှင်။ အကယ်၍ မတတ်သာဘဲ အခက်အခဲ တွေ့ရှိရချေသော် ဘေးဥပဒ်မဖြစ်နိုင်ဘဲ ကြန့်ကြာရုံမျှသာ ရှိပါလိမ့်မည်ဟု ကျွန်မ ထင်မိပါသည်။ ကျွန်မသဘောမှာဖြင့် ကြောက်ရွံ့စိုးရိမ်ဖွယ်ရာ တစိုးတစိမျှ ရှိလိမ့်မည်မထင်ပါရှင်"

သင်္ဘောပဲ့နင်းကြီးသည် သီသီ၏ အကြံပေးစကားကို ကြားရလေသော် ဗဟုသုတနှင့် ပြည့်စုံပါပေသည်ဟု ဝမ်းတွင်းက ချီးမွမ်းလျက် "မမလေး...၊ ကျွန်တော်ကား မိမိကိုယ်အတွက် စိုးရိမ်၍ ပြောဆိုခြင်းမဟုတ်ပါ။ ကျွန်တော်သည် ပင်လယ်ပြင်၌ မည်မျှလောက် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည်ကို မမလေး၏ဖခင်ပင် အသိဖြစ်ပါသည်။ သစ်ဈေးကောင်းစဉ်အခါက ကျွန်တော်သည် နွေမိုးမရှောင် တစ်ကျွန်းသို့ ဤရွက်သင်္ဘောကြီးနှင့်ပင် သွားလာကူးသန်းနေခဲ့ပါသည်။ သို့ရာတွင် မမလေး၏ စိတ်ကူးကြံစည်မိသည်အတိုင်း မသွားဖူးပါ။ ကျွန်တော်သွားနေကျလမ်းသည်သာ၍ ကောင်းမွန်လျင်မြန်ပါသည်" ဟု ပြောဆို၍ လေဆင် မိုးဆင်ကို ကြည့်ပြီးလျှင် အုန်းကျွန်းသို့ သင်္ဘောလွှင့်လေ၏။
mgyoe.com

mgyoe.com


သီသီတို့သည် အုန်းကျွန်းသို့ ရောက်သောအခါ မိုးဖြိုင်ဖြိုင်ရွာကျ လျက်နေပြီဖြစ်၍ များစွာ စိတ်ဆင်းရဲဖွယ် ဖြစ်သော်လည်း သီသီမှာကား အလွန်ပျော်ရွှင်လျက် အလုပ်သားများနှင့်အတူ တစ်နေ့လုံး မိုးရေထဲ၌ မောပန်းခြင်းမရှိဘဲ လှည့်ပတ်ကြည့်ရှုနေလေ၏။ ၎င်းတို့သည် အုန်း ကျွန်းမှ အုန်းသီးများကို မြောက်မြားစွာ တင်ယူခဲ့သည့်ပြင် ပင်လယ် ငှက်သိုက်များကိုလည်း မိုးလေကျပြီဖြစ်သဖြင့် များစွာ ရရှိခဲ့လေ၏။

ထိုကဲ့သို့လျှင် သီသီသည် အုန်းကျွန်းသို့ ရဲရင့်စွာ နှစ်ခေါက်သွား ရောက် ကူးသန်းမိလေသော် မိမိဖခင်၏ စီးပွားပျက်ခြင်း လောင်မီးကို အနည်းငယ် တားဆီးနိုင်လျက် ရှေးကကဲ့သို့ ချမ်းသာကြွယ်ဝခြင်း အကြောင်းငှာ နာလန်ထူစ ဖြစ်လာလေ၏။ ထို့နောက် မိုးဥတုလုံးလုံး ကျရောက်လာလေ၍ သီသီသည် မိမိအလုပ်ကို သုံးလခန့်နားနေပြီးလျှင် အုန်းဆံကြိုးလုပ်ငန်းများကိုသာ တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နေ လေရာ ဖောင်သမားများ၊ လှေသမားများတို့နှင့် ဆက်သွယ်မိသဖြင့် များစွာကျေးဇူးရှိနေလေ၏။

ထို့နောက် မိုးလကုန်ပြန်သောအခါ သီသီသည် သင်္ဘောကို ကိုယ်တိုင်အုပ်ချုပ်၍ ပင်လယ်ပြင်သို့ သင်္ဘောလွှင့်ပြန်လေ၏။ ဤ နည်းဖြင့် ၎င်းသည် သစ်များနှင့် အုန်းကျွန်းမှ အုန်းသီးများတို့ကို သယ်ယူဖောက်ကားခြင်းပြုသောကြောင့် မိမိဖခင်၏ ခြေရာကို နင်းမိစ ပြုလာလေ၏။ ထိုကဲ့သို့ နှစ်စဉ်ဆက်လက်လုပ်ကိုင်၍ ဦးနံ့ပိန်မှာ သုံးနှစ်ကြာရှိသောအခါ သမီးကောင်း၏ ကူညီဆောင်ရွက်ခြင်းကြောင့် ရှေးနည်းတူ ကြွယ်ဝချမ်းသာလာပြန်လေသည်။ သီသီလည်းအုန်းကျွန်း၌ အုန်းဆံကြိုးအလုပ်အကိုင်ကို တည်ထောင်လုပ်ကိုင်မည်ဟု စိတ်ကူးမိပြန် လေ၏။ သို့ရာတွင် ထိုအလုပ်အကိုင်အတွက် ကူညီရှားပါးခြင်း၊ ယုံကြည် လွှဲအပ်သင့်သော ကိုယ်စားလှယ်မရခြင်းတို့ကြောင့် ထိုလုပ်ငန်းကို အုန်းကျွန်း၌ မတည်ထောင်နိုင်သည့်အတွက် ဝမ်းနည်းဖွယ်တစ်ရပ်လည်း

mgyoe.com

mgyoe.com

ကြုံတွေ့ရလေသေးသည်။ ဦးနံပိန်သည်ကား မိမိသမီးကို ဝမ်းတွင်းမှ ဤသို့ ချီးမွမ်းမိလေ၏။

ငါ့သမီးမှ ဝံသာနုရက္ခိတ (အမျိုးကို စောင့်ရှောက်ခြင်း) တရားနှင့် ပြည့်စုံပေသည်။ ငါ့အမျိုးကို ငါ့သမီး မစောင့်ရှောက်နိုင်ချေသော် ငါ့အမျိုးသည် လူမွဲမျိုး ဖြစ်ရချေတော့မည်။ ယခု ငါ့သမီးသည် ခေတ်ကာလအလျောက် စာပေပညာ တတ်မြောက်လာသည့်အတိုင်း မိမိ လုပ်ကိုင်ဆောင်ရွက်သင့်သော လုပ်ငန်းဆောင်တာကို ရှာဖွေလုပ်ကိုင်တတ်သဖြင့် ငါနှင့် သူ့အဘိုး၏ အမျိုးအရိုး အလုပ်အကိုင်ကို စောင့်ရှောက်လုပ်ကိုင်လေသောကြောင့် ခေတ်ကာလပညာကို ရှာဖွေ အသုံးပြုတတ်သည့်အတိုင်း ငါလုပ်ကိုင်သဖြင့် ချမ်းသာကြွယ်ဝသည်ထက် သူလုပ်ကိုင်ခြင်းကြောင့် သာ၍ ချမ်းသာကြွယ်ဝခြင်း ဖြစ်ပါပေသည်။ ငါ့သမီးသည် သားသုံးမျိုးတွင် အတိဇာတသား ဖြစ်ချေပြီတကား။

သီသီသည် ထိုကဲ့သို့ မိမိဖခင်၏ လုပ်ငန်းဆောင်တာကိုဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ကြွယ်ဝချမ်းသာခြင်းကို ဖြစ်စေသော်လည်း မိမိ၏လုပ်ငန်းသည် ခေတ်ကာအလျောက် ဩဘာပြုခြင်းကိုခံရသောတရားသူကြီးမအလုပ်၊ ရှေ့နေမအလုပ်၊ ပညာဝန်မအလုပ်၊ ကျောင်းဆရာမအလုပ်မျိုးမဟုတ်သောကြောင့် ရေပေါ်ဆီခေတ်၊ ကျီးအာသီးကာလကြီး၌ မိမိ၏ဂုဏ်ရည်ကို မြှုပ်၍ ခပ်မြုပ်မြုပ်ပင်နေထိုင်ပြီးလျှင် စီးပွားဥစ္စာကိုသာ ကွန့်မြူးခြင်းဖြင့် လုပ်ကိုင်နေလေသည်။

## ဦးတုန်းတာနှင့် ၎င်း၏သား မောင်တည်

ကမ္ဘာကြီးသည် အလုပ်အကိုင်ပျက်ပြားလာလေ၍ ငွေကြေးရှားပါးလျက်ရှိသောကြောင့် ညည်းတွားကာ ရှိနေလေ၏။ ထိုသို့သော ခေတ်ဆိုးကြီး၌ ကမ္ဘာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် ဂျွန်ပ်တို့မြန်မာပြည်သည်လည်း ပါဝင်လျက်ရှိလေ၏။ သို့ရာတွင် အရှေ့ဘက်စွန်း၌ လူဝါနိုင်ငံ

mgyoe.com

mgyoe.com

ဖြစ်၍ ကျွန်းမျှသာဖြစ်သော ဂျပန်ပြည်၌ကား ကမ္ဘာ၏ ဆိုးညံ့သော အမင်္ဂလာခေတ်ကြီးကို ဆန့်ကျင်ဘက်ပြုလျက် အလုပ်အကိုင် ပေါများပြီးနောက် ဂျပန်ပြည်ကြီးသည် ထိုခေတ်ဆိုးကြီး၌ တစ်နာရီထက်တစ်နာရီ ကြွယ်ဝချမ်းသာလျက် ရှိလေသည်။ ထိုသို့ ဖြစ်နေရသည်မှာ အဘယ့်ကြောင့်ဟု စာဖတ်သူတို့သည် မစဉ်းစားဘဲ နေသင့်ပါသနည်း။

ဂျပန်လူမျိုးတို့သည်ကား စာပေပညာသင်ကြားခြင်း၊ အသက်မွေးဝမ်းကျောင်းအတွက် ပညာသင်ကြားခြင်းတို့ကို ပြုလျက် တိုင်းပြည်နိုင်ငံခြားတို့၏ ကြီးပွားကောင်းစားနေခြင်းကို လျှာရည်ကျအောင် ချီးမွမ်းကာ ပြောဆိုရေးသားနေခြင်းဖြင့် ၎င်းတို့၏အချိန်ကို မကုန်ဆုံးစေဘဲ အခွင့်အခါသင့်၍ အချိန်ကောင်းကိုရတိုင်း အလုပ်အကိုင်ကို ကြိုးစားခြင်းနှင့် အလုပ်အကိုင်ပေါ်တွင် ဂုဏ်ရည်ယူခြင်းဖြင့် သူ့ထက်ငါ အလုပ်ကို ဘက်ပြိုင်တုပလျက် လုပ်ကြလေသည်။

ကမ္ဘာကြီး၌ တိုင်းပြည်အသီးသီးတို့သည် တက်ကပ်မဟုတ်သော ခေတ်ကြီးတွင် စီးပွားရေးချိန်ခွင်မှာ တစ်ပြည်နှင့်တစ်ပြည် မသာမနာဘဲ ညီညီမျှမျှရှိကြရန် အလွန်ခဲယဉ်းပေလိမ့်မည်။ တစ်ပြည်ဆင်းရဲမှ အခြားတစ်ပြည် ကောင်းစားနိုင်မည်ဆိုသော စကားသည်လည်း ဆုတ်ကပ်ကြီး၌ များစွာ အချိုးအစားကျနသည့်စကားပင် ဖြစ်လေသည်။

ယခု တွေ့ကြုံရခြင်း၌ စီးပွားရေးချိန်ခွင်ကြီးတွင် ဂျပန်ပြည်က တစ်ဖက်၊ ကမ္ဘာရှိ ကျန်တိုင်းပြည်တို့က တစ်ဖက် တက်၍နေကြရာ၌ ဂျပန်ပြည်ဘက်သို့ ထိုချိန်ခွင်လျှာကြီးသည် ပြုတစ်ပြုတစ်နှင့် နေလေပြီ။ ထို့ကြောင့် စီးပွားရေးအတွက် ဂျပန်လူမျိုးတို့၏ ကူးသန်းရောင်းဝယ်ရေးသည် ကမ္ဘာကို လွှမ်းမိုးရန် အားယူနေလေပြီ။ အရှေ့ဘက်နိုင်ငံတို့တွင်ကား ၎င်း၏ ကူသန်းရောင်းဝယ်ရေးအောင်လံသည် စိုက်ထူမိချေပြီ။ သို့သော် ဂျပန်လူမျိုးတို့၏ ကောင်းစားနေခြင်းကိုသာ အဆီရည်ကျအောင် လေလုံးလွှင့်နေခြင်းဖြင့် ကျွန်ုပ်တို့၏အချိန်ကို မကုန်မဆုံးသာပေ။
mgyoe.com

mgyoe.com

ကျွန်ုပ်တို့ကောင်းစားရန်သည်လည်း ဆိုက်ရောက်လုဆဲပင် ဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့ ကောင်းစားရန်သည် ကျွန်ုပ်တို့ကို အမှီပြု၍နေသော ကြောင့် ကျွန်ုပ်တို့၏စရိုက်နှင့်အညီ အဆိုးအကောင်းသည် တွေ့ကြုံရပေလိမ့်မည်။ တိုင်းပြည်နှင့်အလုံး မျှော်လင့်တောင့်တနေသော ကောလီခေတ်သည်လည်း လူကောင်းသူမွန်တို့ကိုသာ မ,စနိုင်သည့် နတ်သိကြားဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ တိုးတက်ကြီးပွား ကောင်းစားရန်အတွက် ကျွန်ုပ်တို့ကိုယ်တိုင် ကြိုးစားရှာကြံ လုပ်ကိုင်ရပေလိမ့်မည်။

ကမ္ဘာပေါ်၌ လောကခေတ်ပညာတို့သည် တရွေ့ရွေ့ တဖြည်းဖြည်း အနောက်သို့ တိုးတက်၍လာလေ၏။ ထိုပညာကိုမှီ၍ တိုင်းပြည်ကောင်းစားခြင်းသည် ဖြစ်ရပေသည်။ သာသနာသည်လည်း တိုင်းပြည်ကြီးပွားကောင်းစားခြင်းကို အမှီပြု၍ ထွန်းတောက်ရလေသည်။

ယခု ဂျပန်ပြည်သည် တက်နေဖြစ်လျက် ရှိချေပြီ။ ကျွန်ုပ်တို့အတွက် နေအရုဏ်သည်လည်း ထွက်ပေါ်ပြီဖြစ်၍ လင်းစပြုပြီးလျှင် တက်လုဆဲဖြစ်နေလေသည်။ ထိုသို့သော နေအရုဏ်ကို ရပါလျက် ကျွန်ုပ်တို့တစ်စုမှာ မိုးတိမ်တိုက် ပိတ်ဆီးဖုံးကာနေခြင်းနှင့် တူသော ပျင်းရိငြီးငွေ့ခြင်း၊ ကိုယ့်အားကိုယ့်ခွန် ကိုယ့်အကြံအစည်ကို ကိုယ်အားမကိုးခြင်း၊ ကိုယ်ဖို့ကောင်းကိုသာ ကိုယ်သိတတ်ခြင်း၊ ငြူစူဝန်တိုခြင်း၊ အမျိုးသားအချင်းချင်း (ဝါ) သူတစ်ပါးအပေါ်၌ မျှတသောစေတနာမရှိခြင်း၊ တံစိုးလက်ဆောင်စားခြင်း၊ ကောက်ကျစ်စဉ်းလဲနေခြင်းတို့ဖြင့်သာ ယခု အဖိုးတန်အချိန်ကြီးတွင် ဖြစ်တည်နေကြပါမူ ကျွန်ုပ်တို့၏ နေ့သည် တစ်နေ့လုံး မိုးသားဖုံးအုပ်နေသော နေ့ဆိုးကြီး ဖြစ်ရပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းပြည်နှင့် အမျိုးသားကောင်းစားရေးအတွက် တာဝန်သည် ကျွန်ုပ်တို့တာဝန်သာလျှင် ဖြစ်ချေသည်။ ကျွန်ုပ်၏ မင်တံသည်လည်း ဝတ္ထုကြောင်းကို ဆက်၍ ဖော်ပြဦးတော့မည်။

ကမ္ဘာကြီး၏ အစိတ်အပိုင်းဖြစ်သော ကျွန်ုပ်တို့မြန်မာပြည်ကြီး၌

mgyoe.com

mgyoe.com


လည်း ကမ္ဘာကြီးနှင့်နည်းတူ စီးပွားရေးသည် ကျပ်တည်းခဲယဉ်းလျက် ရှိလေ၏။ သို့ရာတွင် ယခင်က အရိပ်အမြွက် ဖော်ပြခဲ့သော ဦးတုန်းတာသည် လူချမ်းသာဂုဏ်ကိုယူလျက် ဆင်းရဲသည်ဆိုသောစကားနှင့် အလုပ်အကိုင် အပေါက်အလမ်းမတည့်၍ စီးပွားရေးဆုတ်ယုတ်နေသည် ဆိုသော စကားတို့ကို နားမလည်သကဲ့သို့ ဖြစ်နေလေ၏။ ၎င်း၏ အလုပ်ရုံမှထွက်သော ဝတ္ထုပစ္စည်းတို့သည် မြန်မာပြည်၏ သုံးပုံနှစ်ပုံ လောက်တွင် အိမ်တိုင်းသို့ ဝင်ရောက်ကာ ရှိနေလေ၏။

၎င်းအလုပ်ရုံသည် တစ်နေ့လုံး အလုပ်သံမစဲကို ဖြစ်ပြီးလျှင် ဓာတ်ရထားရုံကြီးမှ ဆက်သွယ်အားပေးနေခြင်းဖြင့် ဓာတ်လေယပ်တို့သည် မပြတ်မလပ် အလုပ်သားတို့၏ အသုံးကို ခံနေရလေ၏။ ညအချိန်၌လည်း အလုပ်သံမစဲသော ၎င်း၏အလုပ်ရုံကြီးရှိ လုပ်သားတို့အတွက် အလင်းရောင်တို့အားလည်း ဓာတ်ရထားရုံကြီးမှ ဓာတ်မီးတို့ကို တထိန်ထိန် တညီးညီးနှင့် ထွန်းလင်းကာပေးနေရလေ၏။ ထို့ကြောင့် ဦးတုန်းတာသည် မည်သို့သော အလုပ်အကိုင်ကို လုပ်ကိုင်၍ မည်ကဲ့သို့ ချမ်းသာကြွယ်ဝနေပါသနည်းဟု သိချင်ကောင်း သိချင်ကြပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်၏မင်တံသည် ယခု ဖော်ပြခြင်းငှာ မတတ်နိုင်သေးပေ။ အကြောင်းစုံ ဆိုက်သောအခါ စာဖတ်သူတို့သည် သိကြရပေလိမ့်မည်။ ထိုကဲ့သို့ သိရခြင်းဖြင့်လည်း ၎င်း၏အလုပ်ကို တုပြိုင်လုပ်ကိုင်ရန် မဟုတ်ပေ။ အကယ်၍ တုပြိုင်လုပ်ကိုင်လျှင်လည်း ဦးတုန်းတာကဲ့သို့ ချမ်းသာကြွယ်ဝလိမ့်မည် မဟုတ်ပေ။ ဦးတုန်းတာ၏ နောက်လိုက်မျှသာ ဖြစ်ရပေလိမ့်မည် မှန်၍ ၎င်းကပေးသော ဝေစုမျှကိုပင် ရကောင်းမှ ရနိုင်ပေလိမ့်မည်။ သို့ရာတွင် ဦးတုန်းတာကို နမူနာထား၍ တိုင်းပြည်၌ အများသုံးဖြစ်သော အခြားသင့်တော်သည့် လုပ်ငန်းတစ်ခုကို စတင်ဆောင်ရွက်လုပ်ကိုင်ခဲ့ပါသော် ဦးတုန်းတာထက် ကျောင်းထွက်ပညာတတ် မောင်တို့မှာ စာပေပညာ ပိုမိုရှိနေပြီဖြစ်၍ ဦးတုန်းတာထက်ပင်

mgyoe.com

mgyoe.com

ကြွယ်ဝချမ်းသာပေလိမ့်မည်။ ထို့ကြောင့် ဦးတုန်းတာ၏ ကြွယ်ဝချမ်းသာခြင်းကို နမူနာတင်ပြီးလျှင် အလုပ်သေးသည်၊ ငယ်သည်၊ ကြီးသည်၊ ညံ့သည်ဟု ပဓာနမထားဘဲ အများသုံးဖြစ်နိုင်ရန်ကိုသာ လိုရင်းထား၍ ဆောင်ရွက်ပါမူ တိုင်းပြည်ကို ချမ်းသာစေသော အမျိုးသားကောင်းတစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်ပေလိမ့်မည်။ ထိုသို့သော အမျိုးသားတို့ပေါ်များပါမှ မြန်မာနိုင်ငံတော်သည် ကမ္ဘာ၏ ကောင်းစားခြင်းဝေစုကို ရနိုင်ဖို့ ရှိပေသည်။

ဦးတုန်းတာမှာ အရိပ်အမြွက်အားဖြင့် ပြဆိုခဲ့သည့်အတိုင်း ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာနေသော်လည်း သားသမီး အထောက်အခံမှာကား မောင်တည့်ခေါ် သားတစ်ယောက်သာလျှင် ရှိလေ၏။ မောင်တည့်သည်လည်း ခေတ်ကာလစာပေပညာများကို သင်ကြား၍ ဥပစာတန်းကို မန္တလေးမှ အောင်မြင်ပြီးနောက် ၎င်းတို့နေအိမ်ညည့်ခန်းတွင် ကျွန်ုပ်တို့အချိန်စာအုပ်ကို ဖတ်နေရင်း မိမိ၏ လူလုပ်ရေးအတွက် စဉ်းစားနေသည်တွင် ၎င်း၏ဖခင်သည် လာရောက်၍ ပြောဆိုမေးမြန်းသည်မှာ ဤသို့ပင်တည်း။

"မင်း ... ယခုနှစ် စာမေးပွဲအောင်ကြောင်းကို သိရပေပြီ၊ ဆက်လက်ပြီးလျှင် ပညာသင်ဦးမယ် မဟုတ်လား။ ရန်ကုန်မြို့ တက္ကသိုလ်ကျောင်းတိုက်မှ ဝိဇ္ဇာတန်းကိုအောင်လျှင် ဘိလပ်ရွှေမြို့တော်သို့ လွှတ်မယ်ဟု ဖေဖေစိတ်ကူးထားတယ်။ မင်းသဘောမှာ ဘယ်လို ကြံစည်ထားပါသလဲ"

(မောင်တည့်သည် ခေါင်းကိုငုံ့၍) "ကျွန်တော် ဆက်လက်ပြီးလျှင် ပညာများကို မသင်လိုတော့ပါ၊ ဘိလပ်ကိုလည်း ပညာ ဆက်လက်သင်ရန်သွားဖို့ စိတ်မကူးမိပါ။ နောင်မှပဲ အလည်အပတ်ဆိုသလို အားသင့်သောအခါမှာ သွားပါမယ်"

"အင်း ... သည်လိုဖြစ်ငံ့ မင်း အလုပ်လုပ်တော့မယ်လား"

mgyoe.com

mgyoe.com


"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် အလုပ်လုပ်ပါတော့မယ်"

"ကောင်းပါရဲ့၊ မင်း ... မင်းကြီးရုံးမှာ စာရေးလုပ်မလား၊ မြို့အုပ်စာမေးပွဲကို ဝင်မလား၊ ရှေ့နေစာမေးပွဲကို ဝင်မလား၊ စီရင်စုနယ်အဖွဲ့၊ မြို့လူကြီးစုအဖွဲ့ (မြူနီစီပါယ်) တို့အတွက် အတွင်းရေးမှူးစာမေးပွဲကို ဝင်မလား၊ မည်သည့်အလုပ်အကိုင်ကို လုပ်ကိုင်လိုပါသလဲ"

"ကျွန်တော် ဖေဖေ့လုပ်ငန်းဆောင်တာမှာပင် ဝင်ရောက်လုပ်ကိုင်ပါ့မယ်"

"တော်ပါ့မလားကွယ်၊ စဉ်းစားပါဦး"

"ဖေဖေ ကျွန်တော် စဉ်းစားကြံစည်ပြီးပါပြီ။ မတော်ဖို့ရာ မမြင်ပါ။ ဂျာမနီပြည်၌ ကရက်လက်စက်ရုံသူဌေးကြီးသည် ၎င်း၏ဖခင် သာမန်မျှသော ပန်းပဲအလုပ်ကို ဝင်ရောက်၍ စတင်ဆောင်ရွက်ပြီးသော် လုပ်ကိုင်လာရာ ခေတ်သစ်ဉာဏ်သစ်ကို ရရှိသည့်အတိုင်း ထိုဉာဏ်ကို အသုံးပြုလုပ်ကိုင်ခြင်းကြောင့် ကမ္ဘာပေါ်၌ အလွန်ထင်ရှားကျော်စောတဲ့ လက်နက်စက်ရုံကြီး ဖြစ်လာရပါတယ်။ မိမိဖခင်၏ အမျိုးအရိုးကို စောင့်ရှောက်ကြီးပွား ကောင်းစားခြင်းဖြင့်လည်း ဝံသာနုရက္ခိတတရားနှင့် ပြည့်စုံတဲ့ အတိဇာတ သားကောင်းတစ်ယောက်လည်း ဖြစ်ရပါတယ်။ ၎င်းကို အားကျအတုယူပြီးလျှင် ဖေဖေ့လုပ်ငန်းကို နက်ဖြန်ကစ၍ ကျွန်တော် ဝင်ရောက်လုပ်ကိုင်ပါရစေ"

"ကောင်းပါရဲ့၊ ဖေဖေလည်း ဝမ်းသာဖို့ပါပဲ။ နက်ဖြန်ကစ၍ပင် ဖေဖေ့ရဲ့ လုပ်ငန်းတာဝန်များကို မင်းအားလွှဲပြီးလျှင် ဖေဖေလည်း အေးချမ်း သာယာစွာ သီတင်းသီလနှင့် နေတော့မယ်။ မင်းအကြံအစည်ကို ဖေဖေ သဘောကျပါတယ်"

"သည်လိုလည်း မဟုတ်သေးပါဘူး ဖေဖေ။ ဖေဖေက သည်လုပ်ငန်း ဆောင်တာကြီးကို ကျွန်တော့်အား တစ်ခါတည်း လွှဲလိုက်မည်ဆိုသည်မှာ ကျွန်တော့်ကို ချီးမြှောက်ရာ မမည်၊ ဒဏ်ခတ်ရာသာ မည်ပါလိမ့်မယ်။

mgyoe.com

mgyoe.com

ဖေဖေစဉ်းစားကြည့်ရန်မှာ ကျွန်တော်မှာ စာကိုသာတတ်၍ ထိုးထွင်း ဉာဏ်ရှိပြီးလျှင် ပွင့်အောင်ဖွင့်ဖို့ သော့မျှသာ ရှိပါသေးတယ်။ ကိုယ်တွေ့ လက်တွေ့အလုပ်ကို အနည်းငယ်မျှပင် နားမလည်သေးပါ။ ဖေဖေ့ သဘောအတိုင်း ရုတ်တရက် ဤအလုပ်ရုံကြီးကို ကျွန်တော့်အား လွှဲလို ပါလျှင် ကျွန်တော် အောက်သက်မကျေမှု၊ မစီမံ မအုပ်ချုပ်တတ်မှုတို့ ကြောင့် မုချ ဖေဖေတီထွင်ထားသော လုပ်ငန်းဆောင်တာကြီးသည် တဖြည်းဖြည်း ပျက်စီးသွားရပါလိမ့်မယ်"

"သည်ကဲ့သို့ ကျွန်တော် စိတ်ကူးမိသည့်အတိုင်း အသေးစိတ်ပြီး လျှင် အောက်သက်ကျေလာလေအောင် လခစားအဖြစ်နှင့် အောက်တန်း စား အလုပ်ကပင် ဝင်ရောက်လုပ်ကိုင်ပါရစေ"

"သင့်ပါရဲ့၊ သည်လိုဖြစ်ခဲ့လျှင် မင်းမှာ အထိန်းအကျောင်းလိုလာ ၍ အိမ်ထောင်ပြုရပေလိမ့်မယ်။ မင်းနှင့်တော်မည်ထင်တဲ့ မင်း နှစ်သက် ရာ အမျိုးသမီးတစ်ယောက်ကို ကြည့်ပါ"

(အံ့ဩသောမျက်နှာနှင့် ဖခင်ကို မော်ကြည့်၍) "ဖေဖေ ကျွန်တော် အပျိုအရွယ်တို့နှင့် တစ်ခါမျှ ကျွမ်းကျွမ်းဝင်ဝင် စကားမပြောဖူးပါ။ ဖေဖေ့အကြံစိတ်ကူး၌ ဘုန်းကြီးနှင့် ဘီးကပင် နီးဖို့ရှိပါသေးတယ်။ ကျွန်တော်ကဖြင့် စိတ်မျှပင် မကူးဝံ့ပါ။ ဖေဖေသဘောကျသလိုသာ စီမံပါ။ သည်လိုကိစ္စမျိုး၌ ဖေဖေ့ကိုသာ ကျွန်တော် တာဝန်ပုံပါရစေ ခင်ဗျာ။

"အလို မောင်တည့်၊ မင်းက ဖေဖေ့ကို ပုံအပ်မလို့လား။ မင်းတို့ ကာလကို မင်းတို့သာ နားလည်တယ်။ ဖေဖေတို့တော့ ရှေးကျနေပြီ။ မည်သည့်မိန်းကလေးသည် ဇယ် ...၊ မည်သည့်မိန်းကလေးသည် ခါးပိုက်ဆောင်၊ မည်သူသည် ဒိုင်ယာရီ (ပြက္ခဒိန်) အိတ်ဆောင်၊ မည် သူသည် မှီအုံး၊ မည်သူသည် ရွက်ကြမ်းရေကျိုဟု ဖေဖေတို့ ရှေးအဘိုးကြီး များသည် မောင်တို့ကာလမှာ နားမလည် မသိတတ်"
mgyoe.com

mgyoe.com


"တစ်ကြောင်းမှာလည်း မင်းအိမ်ရှင်မသည် မင်းနှင့်သာ အသက်ထက်ဆုံး နေရမည်ဖြစ်သည်။ မကောင်းက ဖေဖေ့ကိုသာ အမြဲအပြစ်တင်နေလိမ့်မယ်။ မင်းတို့ နှစ်ဦးသဘောတူ ကြည်ကြည်ဖြူဖြူနှင့် မေတ္တာအညီ ဖြူးဖြောင့်သူကို ရှာမှသာ မင်းတို့ အသက်ထက်ဆုံး မင်္ဂလာရှိဖို့ မြင်မိတယ်။ ဖေဖေကဖြင့် မည်ကဲ့သို့မျှ အပြစ်တင်လိမ့်မည် မဟုတ်။ မင်း သဘောကျလျှင် ဖေဖေလည်း မေတ္တာမျှရမှာပါ။ အယုတ်သဖြင့်ကွယ် တောင်းစားရတဲ့ မိန်းကလေးကိုပင်ဖြစ်ပါစေ၊ မင်းမေတ္တာ နှွယ်ယှက်မိကငါကလည်း သမီးအရင်းလိုသဘောထားပြီး ချစ်ကြိုးဆက်ရမှာပေါ့။ မင်းသဘောကျကိုသာ ရှာပါမောင်ရယ်"

"ဖေဖေက အလွန်တာဝန်ကြီးသော သည်အရေး၌ ကျွန်တော့်အားပုံ၍အပ်သည်မှာ ရွှေခါချဉ် မာန်ကြီး၍ တောင်ကြီးဖြိုမြယ်ကြဲ၊ ခါးကမသန် ဆိုတဲ့စကားကို မစဉ်းစားမိလို့ ဖြစ်ဟန်တူပါတယ်။ သို့သော်ဖေဖေနှင့် ကျွန်တော်ချည်း သည်ကိစ္စမှာ ပြောဆိုနေ၍ အရေးကုန်နိုင်မည်မဟုတ်ပါ။ မေမေလည်း ရှိပါသေးတယ်။ မေမေ့သဘောက ဘယ်လိုရှိဦးမယ်ဆိုတာကိုလည်း ကျွန်တော်တို့ စဉ်းစားဖို့သင့်ပါသေးတယ်"

(မောင်တည့်၏မိခင်ဖြစ်သူ ဒေါ်ငွေယုံသည်လည်း သားနှင့်ခင်ပွန်းစကားပြောဆိုနေရာသို့ ဆေးပေါ့လိပ်ကြီးတဖွားဖွားနှင့် လာရောက်လေ၏။)

ဦးတုန်းတာ – "မငွေယုံရယ် မင့်သားက ကျုပ်ကို အထိန်းရှာဖို့ လွှဲနေရှာတယ်။ ကျုပ်ကလည်း မင်းနှင့် ပေါင်းသင်း၍ အသက်ထက်ဆုံးနေရမှာကို မင်းရှာမှသာဖြစ်မည်။ မင်းနှစ်သက်က ဖေဖေက သမီးအဖြစ်သို့ သွတ်သွင်းမည်၊ ဥစ္စာရင်လိုလျှင် ဥစ္စာရင်ခဲရတယ်ကွဲ့ဟု ပြောပါတယ်။ သည့်လို ကျုပ်က အခွင့်အရေးပေးပြီး ပြောတာကိုပင် မင့်သားကငြင်းပယ်ပြီး ကျုပ်ကိုသာ ပုံအပ်နေရှာတယ်။ မင့်သဘော ဘယ်လိုရှိပါသလဲ၊ မင့်သားကို မင်းပဲ နေရာချထားလိုက်ပါ"

mgyoe.com

mgyoe.com


(ဒေါ်ငွေယုံမှာ ဆေးပေါ့လိပ်ကြီးကို ဖွာကာဖွာကာနှင့်) "ကိုတာရဲ့ ကျွန်မသားပြောတာက အမှန်။ ရှင့်သားကို ရှင် နေရာချပေးမှပေါ့။ ကလေးဆိုတော့ အကောင်းအဆိုး တော်မတော်ကို ရွေးချယ်နိုင်ဖို့ အင်မတန် ခဲယဉ်းပါတယ်။ ရှင့်သဘောအတိုင်း ဒေါင်ကျကျ၊ ပြားကျကျ လွှတ်လိုက်လို့ မဖြစ်ဘူးရှင့်။ ရှင့်သားကို ရှင်အထင်ကြီးလွန်းနေတယ်။ စင်စစ်တော့ ရှင့်သားဟာ ကျောင်းကဗီရိုထဲရှိ စာအုပ်ကြားထဲမှ ချောင်းမြောင်းနေတဲ့ ပိုးဟပ်မျှသာ ရှိပါသေးတယ်။ အဲသည်တော့ ရှင့်သား အတွက် ရှင်ပဲ အိမ်ထောင့်ရှင်ရှာပေးပါ။ ကျွန်မလည်း သည်အရေးမှာ တော့ တာဝန်မယူနိုင်ဘူးရှင့်၊ ရှင့်ကိုပင် လွှဲအပ်တာပါပဲ"

ဦးတုန်းတာ – "မဟုတ်ပါဘူး မငွေယုံရယ်။ ညည်းက ညည်းသား ဘက်က ကူပြီးပြောနေသလား၊ ညည်းသားအား စာပေပညာသင်ကြား ၍ပေးပြီးပြီဖြစ်လို့ မိမိအတွက် အိမ်ထောင့်ရှင်ကို မိမိကိုယ်တိုင် ရွေးချယ် တတ်ရမယ်ကွဲ့"

ဒေါ်ငွေယုံ – "ကိုတာရယ်။ ကိုတာကဖြင့် ပန်းတိုင်ကိုသာ ကြည့် ပြီးပြေးတဲ့ ဒုန်းပြေးသမားလိုပဲ၊ ခလုတ်တံသင်းကိုတော့ မမြင်မိရှာဘူး။ အဟုတ်ကျောင်းသားဆိုတာဟာ စာပေပညာကိုသာ တတ်ပါတယ်။ ရှင်ပြောသလို အိမ်ထောင်ရှင်ရှာဖို့ဆိုတာကို ဘာမျှ နားလည်လိမ့်မယ် မဟုတ်ဘူးရှင့်။ တကယ်လို့ ရှင့်သားကိုယ်တိုင် အိမ်ထောင့်ရှင် ရှာယူခဲ့ပါ လျှင် မျက်စိ မှုန်တိမှုန်မွှားလူကို မှောင်ထဲမှာ အစမ်းခိုင်းနေခြင်းနှင့် တူပါလိမ့်မယ်။ စင်စစ်တော့ သည်ကိစ္စကြီးဟာ ရှင့်တာဝန်အစစ်ပါရှင်"

ဦးတုန်းတာ – "မငွေယုံရယ်၊ ညည်းပြောတာက အရမ်းပြောသလို ကျနေပြီ၊ စဉ်းစားပါဦး။ စာပေပညာ ကောင်းစွာ တတ်မြောက်လာသော သူသည် အမြင်ကျယ်ခြင်း၊ အသိအလိမ္မာတရားကြီးခြင်း၊ သဘောထား ကြီးမြင့်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်း၊ အတိမ်အနက်ကို ထောက်လှမ်း ဆင်ခြင်တတ်ခြင်း။ အသေးကိုမြင်လျှင် အသွင်ကိုသိတတ်ခြင်း အစ

mgyoe.com

mgyoe.com

ရှိသည်တို့နှင့် ပြည့်စုံလာတယ်ကွဲ့။ သည်ကဲ့သို့ ပြည့်စုံလာလျှင် အိမ်ထောင့်ရှင် ရှာဖို့ ခဲယဉ်းချက် တွေ့လိမ့်မည်မဟုတ်ပါ။ ကျုပ်ကလည်း ညွှန်ပြလိုက်ပါဦးမယ်၊ မောင်တည့်ကလည်း မှတ်ထားပါ။

ဟိုအထက်အရပ်ဒေသမှာ ဖေဖေရဲ့မိတ်ဆွေ သစ်ကုန်သည်ကြီး တစ်ဦး ဦး (.....) ဟူ၍ ရှိလေရဲ့။ သူ့မှာ သမီးကလေး ညွန့်ညွန့်ဟု လှက လှပါဘိသနှင့်။ ဖြူဖြူတုတ်တုတ် ဝဝကလေး။ အင်္ဂလိပ်စာလည်း ဆယ်တန်းအောင်သတဲ့။ စကားအပြောအဆိုမှာလည်း သွက်သွက်လက်လက်နှင့် ပုံတိုပတ်စများကို ညှပ်ကာ ပြောတတ်ဆိုတတ်ရှိလို့ စူဠဏီပြဟ္မဒတ်မင်းကြီး၏ သာလိကာမကလေးပင် ဆိုလောက်တယ်ဟု ဖေဖေကဖြင့် ထင်မိတာပဲ။ အကယ်၍ မင်းနှင့်များ ဖူးစာဆုံမိခဲ့ပါမူ ရေနှင့်ကြာကဲ့သို့ပင် တင့်လိမ့်မယ်ထင်တာပဲကွဲ့။

ဝါဂွမ်းအလွန်ထွက်သော မြေလတ်ပိုင်းရှိ မြို့ကြီးတစ်မြို့မှာလည်း ဖေဖေ၏မိတ်ဆွေ ဆီစက်ပိုင် ဂွမ်းကုန်သည်ကြီးဟု နှစ်မည်ရနှစ်ဘွဲ့တင် ပစ္စည်းရှင် လူချမ်းသာကြီး ဦး (.....) ဟူ၍ရှိသကွဲ့။ ၎င်းမှာလည်း မပြင်မဆင်ဘဲနှင့် ညိုညိုယဉ်ယဉ်၊ အဆစ်အလက် ပြေပြေပြစ်ပြစ်နှင့် နဂိုချောသမီးကလေး ခင်ခင်ဟု ရှိသကွဲ့။ အင်္ဂလိပ်စာတော့ မတတ်ရှာဘူး။ မြန်မာစာသင်ကျောင်းက စတုတ္ထတန်းသာ အောင်ရှာသတဲ့။ အသံကလေး မှာတော့ တစာစာနှင့်။ မိုးဦးအခါ ရွက်သစ်စုံလာ၍ ဖူးပွင့်ငုံအာ စီရရီ ဖြာယှက်ကာနေတဲ့ တောအုပ်ငယ်အတွင်းမှ နတ်ညင်းကောင် မြည်သည့်ပမာကဲ့သို့ အလွန်နာချိုနှစ်ခြိုက်ဖွယ်တို့နှင့် သာသာယာယာ ရှိတယ်ကွဲ့။ သွားပုံလာပုံမှာတော့ ရစ်မကလေးဆန်ဆန်။ နေဟန်ထိုင်ဟန်မှာတော့ နန်းတွင်းသူ မမိဒ္ဓတမိနှင့် အမျိုးသမီးပီသပါပေတယ်။ မင်းနှင့်များ မေတ္တာမျှပါလျှင် ရွှေနှင့်မြကဲ့သို့ ပမာဆရန်ပင် သင့်လိမ့်ထင်တယ်ကွဲ့။

ဟို ... ရေနံထွက်သည့် အရပ်ကြီးမှာလည်း ဖေဖေရဲ့မိတ်ဆွေ တွင်းစားကြီး ဦးတိုးမှာ ပစ္စည်းသိန်းပေါင်းများစွာ ချမ်းသာခဲ့ဖူး၍
mgyoe.com

.mgyoe.com

အမွေစားအမွေခံဆိုလျှင် သားတစ်ယောက် မောင်မောင်တင့်နှင့် သမီးကလေး ခင်မျိုးတင့်ဟု နှစ်ယောက်သာ ရှိသကွဲ့။ ခင်မျိုးတင့်ဟာ မဖြူမညို မဆူမကြဲ၊ မနိမ့်မမြင့်နှင့် အချိုးအစား အလွန်သင့်တင့်သည့် သမီးရတနာကလေး တစ်ယောက်ကွဲ့။ အဲသည်ခင်မျိုးတင့်မှာ အရွယ်ကလည်း အရွယ်ကောင်းပေါ့။ စကားတော့ နည်းတယ်မောင်။ သူ့ကိုမြင်ရလျှင် ပြုံးပြုံးပြုံးပြုံးနှင့် မဂ္ဂဇင်းအဖုံးကလေးလို့ပဲ ဆိုလိုက်ပါတော့။ မင်းနှင့်များ မေတ္တာလှမ်းရလျှင် ပန်းနှင့်ဆံထုံးကဲ့သို့ တင့်မဆုံးနိုင်အောင် ရှိလိမ့်မယ် ထင်တာပဲကွဲ့။

ဟို ... အောက်အရပ်မှာလည်း ငါနှင့် ဆိုးတူကောင်းဖက် တစ်စိတ်တစ်ဝမ်းတည်း ထားလာခဲ့တဲ့ ကျောင်းနေဖက်သူငယ်ချင်း ဦးနံ့ပိန်ခေါ် သူဌေးတစ်ယောက်ရှိသကွဲ့။ သူ့မှာလည်း သီဟိုဠ်ပြန်သမီးကလေး သီသီဟု ရှိသည်မောင်။ အလှအချောကိုတော့ ပြောဖွယ်ရာရှိမယ်မထင်။ အောက်သူပေကိုး။ ဖြူဖြူဝဝ၊ လှလှပပကြီး၊ လပြည့်နေ့ ရွှေလမင်းကဲ့သို့ ရှုမငြီးနိုင်အောင် အဆင်းကိုဆောင်မည့် လက္ခဏာပါပဲ။ မင်းတို့ ကာလစကားနှင့်ဆိုလျှင် မှိုအုံးကလေး ဆိုသင့်လောက်နေပြီထင်ပါရဲ့။ ဖေဖေဆယ်နှစ်သမီးအရွယ်လောက်မှာ တွေ့စဉ်အခါက သမီးကလေး တစ်ယောက်ကြောင့် မိဘနှစ်ပါးက အလွန်အလိုလိုက်ထားလို့ ခုန်ပျံပြေးလွှားကစားနေပုံမှာ မြင်းမတမ်းမကလေးပဲ ဆိုပါတော့မောင်။ သူ့အပေါင်းအဖော်များမှာလည်း အင်္ဂလိပ်ကပြားမလေးတို့သာများ၍ စကားကလည်း ပလစ်ပလစ်နှင့် အလွန်ပေါသကွဲ့။ အဆော့မှာတော့ ထိပ်တင်၊ အဆင်မှာတော့ ကြမ်းကြမ်း၊ အရမ်းကိုဖြင့် ဖေဖေ မပြောသာတော့ပြီ။ ဖေဖေဟိုအခါက သူတို့ထံရောက်သွားရာ သီသီသည် သူတို့၏ ဥယျာဉ်ခြံထဲက တည်းပင်ပေါ်သို့ တက်ပြီးလျှင် တည်းသီးခူးရာ ခေါင်းဖျားမှ သစ်ကိုင်းနှင့်တကွ ကျိုးကျလာလို့ ပေါင်ကို သစ်ကိုင်းစူးသဖြင့် ဆေးရုံမှာ တင်ပြီး ကုသရတယ်မောင်။

mgyoe.com

mgyoe.com


ယခု သီဟိုဠ်ပြန်အဖြစ်နှင့် ဖေဖေ့ဖြင့် မမြင်ရသေးဘူးပေါ့။ သို့သော် ဥရောပတိုက်သူများလို ဂါဝန်တိုတိုကလေးကို ဝတ်ပြီးများ နေမလား၊ ဘီးဆံထုံးကြီးတမားမားနှင့် အင်္ကျီပါးပါးတွင် ပန်းတွေ လိပ်ပြာရုပ်တွေ ပွနေအောင်ထိုးပြီးလျှင် ဝတ်ဆင်နေမလား ဘယ်လို နေမယ်ဟု မသိနိုင်ပေဘူးပေါ့။ ဖေဖေ့အထင်မှာတော့ အလွန်ကို ခေတ် ဆန်နေ၍ မင်းနှင့်များ မေတ္တာနွဲ့ရလျှင် စောင်းနှင့်နဲ့ကဲ့သို့ တွဲမရအောင် များ ဖြစ်နေမလား မဆိုနိုင်ဘူးမောင်။

ယခု ဖေဖေညွှန်ပြလိုက်သည့်အတိုင်း ကြိုက်ရာကို ရွေးချယ်ရန် သွားရောက်ကာ စုံစမ်းသင့်ပေတယ်။ ယခုခေတ်ကြီးကိုက ကိုယ့်လမ်း ကိုယ်ထွင် ကိုယ့်အင်ကိုယ့်အားနှင့် စွန့်စားနိုင်မှ အမျိုးသားပီသသဖြင့် မောင်ကိုယ်တိုင် မောင်၏အိမ်ထောင်ရှင်အတွက် ရွေးချယ်ရန်သင့်တယ် ဟု ဖေဖေကဖြင့် ထင်မိတာပဲမောင်"

မောင်တည့် – "ဖေဖေအမိန့်ရှိသည်ကို သင့်လျော်သည်ဟုပင် ကျွန်တော် ဝန်ခံပါသည်။ သို့သော် ကျွန်တော် ကြားဖူးနားဝကို အစီရင် တော်ခံပါဦးမည်။ အရက်ဖြူကိုမစမ်းနှင့်၊ အထက်သူကို မမှန်းနှင့်တဲ့။ (အရက်ဖြူကိုစမ်းက မူးတတ်သည်။ အထက်သူကို မှန်းက ရူးတတ်သည်) တဲ့ …။ ရေဖြတ်ငူမှာလည်း မရမ်းနှင့်၊ မြေလတ်သူမှာလည်း မမှန်းနှင့်တဲ့ …၊ (ရေဖြတ်တဲ့ အငူမှာရမ်းက မြုပ်တတ်သည်။ မြေလတ်သူမှာမှန်းက ပြုတ်တတ်သည်) တဲ့ …။ ရေနံချောင်းဆိုတော့ ဖေဖေ တွင်းပိုင်သူဌေး ဖြစ်နေလို့ သဘာဝကိုက အထက်တန်းကျနေသောကြောင့် မာနမှာ အဇ္ဈောကောင်းကင်ကို ရောက်နေမှာပါပဲ။ သည့်ပြင်လည်း ကျောက်ဖြူကို လည်း မနမ်းနှင့်။ အောက်သူကိုလည်း မစမ်းနှင့်တဲ့။ (ကျောက်ဖြူကို နမ်းက ဖုန်ကပ်သည်။ အောက်သူကို စမ်းက တုန်တတ်သည်) တဲ့။ အဲ … သည်ကဲ့သို့ဖြစ်နေလေတော့ ဖေဖေ့အကြံအစည်အတိုင်း ကျွန်တော် မသွားဝံ့ပါခင်ဗျာ"

mgyoe.com

mgyoe.com


ဒေါ်ငွေယုံ – “ကိုတာ၊ ကျွန်မပြောသည်ကို ရှင် နားမဝင်ဘဲ ရှင့် အာဘောဂအတိုင်းသာ ဇွတ်အတင်း အကြံပေးနေသည်မှာ သင့်မည်မထင်ပါ။ ငှက်ပျောပင်စိုက်၊ မိလိုက်ဖပါ။ ကြက်မှာအရိုး လူမှာအမျိုးပါတဲ့။ ရှင့်သားသည် ရှင်ကဲ့သို့ပင်ရှိနေလိမ့်မည်ကို ယုံကြည်ပါ။ ရှင့်ကို ဖေဖေ က ကျွန်မနှင့် ထိမ်းမြားထားခဲ့မည်ဆိုတဲ့အခါ ရှင်သည် မရှုုသာ မရှိုက်သာဘဲ ငို၍နေသေးတယ်မဟုတ်လား။ ရှင့်သားသည် အိမ်ထောင်ဖက်ပြုရန် အဘယ်ကဲ့သို့လျှင် စွန့်စားနိုင်ဝံ့ပါမလဲ။ ရှင့်သားကို ရှင် အိမ်ရာဆောင်နှင်းပေးလိုလျှင် ရှင်ကိုယ်တိုင်ပင် ချွေးမရှာထွက်ပါ။ ကျွန်မသားကိုချည်းသာ တိုက်တွန်းမနေပါနှင့်ရှင်”

ဦးတုန်းတာသည် နောက်ဆုံး၌ မိမိအိမ်ရှင်မစကားကို မလွန်ဆန်သာသောကြောင့် ချွေးမရှာထွက်ရန် စီမံဖန်တီးလျက်နေလေ၏။

## ဦးတုန်းတာသည် သားအတွက် ကြင်ရာရှာထွက်ခြင်း

ဦးတုန်းတာသည် ဥပစာတန်းအောင် မိမိ၏သား မောင်တည့်ကို မိမိပိုင် အလုပ်ရုံ၌ အလုပ်ကြမ်းကစ၍ ထားလာသဖြင့် တစ်နှစ်ခန့်ကြာရှိသောအခါ မောင်တည့်မှာ ထိုလုပ်ငန်းမှ ငွေတစ်ရာစုဆောင်းမိသောသူဌေးသားတစ်ယောက် ဖြစ်လာလေ၏။ ထို့နောက် တစ်ဖန် မောင်တည့်သည် အလုပ်ကို တစ်ဆင့်တက်ကာ လုပ်ကိုင်ရပြန်သဖြင့် လခလည်းအနည်းငယ် ကြီးမြင့်လာလေ၏။ ထို့နောက် တစ်နှစ်ခန့် ကြာရှိပြန်သောအခါ မောင်တည့်မှာ ငွေငါးရာ သိုမှီးမိသည်အပြင် ဖခင်ဖြစ်သူ၏ လုပ်ငန်းဆောင်တာရှိသမျှတို့ကို ကောင်းစွာ တတ်ကျွမ်းလာလေ၏။ ထိုသို့ လုပ်ကိုင်စဉ်အခါ၌လည်း ဦးတုန်းတာသည် တစ်ယောက်တည်းသော မိမိသားအား အဝတ်အစားပေးခြင်း၊ ကျွေးမွေးခြင်းတို့မရှိဘဲ သားဖြစ်သူ လုပ်ကိုင်ရသော ငွေထဲမှ ထမင်းလခကိုပင် တောင်းခံယူလေ၏။

ထိုကဲ့သို့ မောင်တည့်သည် မိမိဖခင်၏ အလုပ်ရုံ၌သာ တစ်ဆင့်ပြီး

mgyoe.com

mgyoe.com

တစ်ဆင့် တက်ရောက်လုပ်ကိုင်၍ ကောင်းစွာ ကျွမ်းကျင်လာသောအခါ ဖခင်ဖြစ်သူ ဦးတုန်းတာသည် မောင်တည့်ကို ခေါ်၍ – "ယခု မင်းမှာ ငွေမည်မျှ စုမိပြီနည်း" ဟု မေးလေရာ မောင်တည့်လည်း ငွေငါးရာစုမိကြောင်းကို ပြောပြလေ၏။ ထိုအခါ ဦးတုန်းတာသည် မောင်တည့်စုမိသော ငွေများအားလုံးကို မိမိထံတွင် အစုစပ်ပါဝင်စေပြီးသော် တစ်လလျှင် နှစ်ရာကျပ်လခနှင့် မိမိအလုပ်ရုံများအတွက် ဥက္ကဋ္ဌခန့်ထားခဲ့ပြီးလျှင် သားဖြစ်သူအတွက် အိမ်ရှင်မကောင်းရှာရန် ထွက်ခွာသွားလေ၏။

ဦးတုန်းတာသည် အထက်အညာ ..... မြို့သို့ ရောက်သွားသောအခါ ၎င်း၏သူငယ်ချင်း သစ်ကုန်သည်ကြီးသည် သမီးညွန့်ညွန့်နှင့်တကွ သဘော်အဆင်းကစောင့်၍ ဓာတ်ဆီရထားနှင့် ကြိုဆို ခေါ်ယူသွားလေ၏။ ဦးတုန်းတာလည်း ညွန့်ညွန့်ကိုတွေ့ရလျှင် တွေ့ရချင်းပင် ညွန့်ညွန့်၏ ပါးလွှာသော ဝိုင်စပန်းထိုးအင်္ကျီနှင့် ပန်းခက်ထိုး ပါရှန်လုံကွင်းကို ဝတ်လျက် စိန်လက်ကောက် စိန်ကြယ်သီးတို့နှင့် မြင့်မောက်လှစွာသော ဘီးဆံထုံးကြီးတွင် ပန်းခွေကြီးအလယ်၌ စိန်ဘီး စိန်ဆံထိုးတို့ဖြင့် တဝင်းဝင်း တလက်လက်နေလေအောင် ဆင်မြန်းထားပုံတို့ကို အကဲခတ်လျက် 'အင်း ငွေများကို အလွန့်အလွန် သတ်နေသော ခေတ်ဆန်နေသူကလေးပါလား' ဟု ဝမ်းတွင်းမှ ကောက်ချက်ချပြီးသော် မြို့၏အခြေအနေတို့ကို စုံစမ်းမေးမြန်းကာ လိုက်ပါသွားလေ၏။

ဦးတုန်းတာသည် မိမိသူငယ်ချင်း၏အိမ်သို့ ရောက်သွားသောအခါ၌လည်း မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ပြင်ဆင်ထား၍ သားနားတင့်တယ်လှပသောအိပ်ခန်းကြီးနှင့် များစွာသော အစေခံတို့ကို တွေ့ရပြန်သဖြင့် ငါ့မိတ်ဆွေမှာ ငွေဝင်ကား မည်မျှရှိသည်ဟု မသိရ၊ စည်းစိမ်ခံစားနေပုံ၏ အခြေအနေကို ထောက်ချင့်ရသော်ကား တစ်လလျှင် ငါးထောင်လောက် ဝင်နေသည့် သူများထက်ပင် အထက်တန်းကျရောက်နေလေပြီဟု မိမိသူငယ်ချင်းကို ဝမ်းတွင်းမှ ချီးမွမ်းခြေကျောက်ပြုကာ နေမိလေ၏။
mgyoe.com

mgyoe.com

ဦးတုန်းတာသည် ထိုအိမ်၌ ခုနစ်ရက်ခန့် တည်းခိုနေစဉ်တွင် ညွန့်ညွန့်၏မိခင်နှင့် ညွန့်ညွန့်ကို အကဲခတ်၍နေသည်အတိုင်း တွေ့ရသည်မှာ ညွန့်ညွန့်၏မိခင်မှာ ဂေါတမမြတ်စွာဘုရားသခင်၏ ရုပ်ပုံတော်အား ပန်းကပ်ခြင်း၊ ဆွမ်းတော်တင်ခြင်း၊ ရေချမ်းလဲခြင်း၊ ဘုရားရှိခိုးဝတ်တက်ခြင်း၊ ပုတီးစိပ်ခြင်း အစရှိသော နိစ္စဘတ်ဝတ်တို့ကိုပြု၍ အတိုးကြီးစွာ (ငွေတစ်ဆယ်လျှင် တစ်ကျပ်ထက်မနည်း) ယူလျက် ငွေချေးစားခြင်းအလုပ်ဖြင့် အသက်မွေးပြီးလျှင် လူချမ်းသာအိမ်များကိုလည်ပတ်ကာ ပရမတ်စကားပြောနေသော အဘိုးကြီးတစ်ယောက်ထံ၌ ခဏခဏ တရားနာခြင်းတို့နှင့် အချိန်ကုန်ဆုံးလေ့ရှိလေ၏။

ညွန့်ညွန့်မှာလည်း ဇာထိုး၍နေယောင်ယောင်၊ ပန်းထိုး၍ နေယောင်ယောင်နှင့် ဓာတ်ရှင်ဂိုက်ဆောင်လျက် တစ်ခါတစ်ခါ တယောထိုးကာ နေလေ့ရှိ၏။ ထိုကဲ့သို့ ပြုမူနေထိုင်၍ ပျင်းရိလာလျှင် အိပ်လေ၏။ အိပ်ရာကထလျှင် အစေခံတို့ အသင့်ပြင်ဆင်ထားရသော ကော်ဖီမုန့်ပဲသရေစာ စသည်တို့ကို စားသောက်လေ့ရှိလေ၏။ ထိုသို့ စားသောက်ပြီးလျှင် ဓာတ်သီချင်းစက် ဖွင့်ခြင်းဖြင့်လည်းကောင်း၊ အပေါင်းအဖော်တို့နှင့် ဂျိုကာကစားနေခြင်းဖြင့်လည်းကောင်း နေလေ့ရှိလေ၏။

ဓာတ်ရှင်ကားလဲတိုင်းလည်း ဓာတ်ရှင်ကြည့်လေ့ရှိလေ၏။ အချုပ်အားဖြင့် ညွန့်ညွန့်မှာ စာပေပညာတတ်သည်ဆိုသော်လည်း ဓာတ်ရှင်ကြော်ငြာမှတစ်ပါး အခြားစာအုပ်စာတမ်းတို့ကို ဖတ်လေ့ဖတ်ထမရှိသဖြင့် ညွန့်ညွန့်သည် စာပေပညာတတ်သည်ဟု ဆိုသောဂုဏ်ကို ဦးတုန်းတာသည် မယုံကြည်သကဲ့သို့ပင် ဖြစ်လေသည်။

ထိုမှတစ်ပါးလည်း ညွန့်ညွန့်သည် မိမိတို့၌ အစေခံပြည့်ပြည့်စုံစုံနှင့် နေထိုင်နိုင်ကြောင်းတို့ကို ထင်ရှားစိမ့်သောငှာ အသံကျယ်လောင်စွာပြု၍ အခါမရွေးဖြစ်စေ၊ ဧည့်သည်လာရောက်သောအခါဖြစ်စေ အစေခံတို့ကို ခဏခဏခေါ်လျက် လက်ဖက်ရည်တည်လိုက်၊ ကော်ဖီဖျော်ခဲ့၊
mgyoe.com

mgyoe.com

လက်ဖက်ရည်ပွဲယူခဲ့၊ ကွမ်းအစ်ယူခဲ့၊ လက်ဖက်သုပ်ခဲ့ စသည်တို့ဖြင့် မရပ်မနား ထိုင်ရာကမထ စည်းစိမ်သံပါပါနှင့် ခိုင်းစေနေသည်ပြင် ခဏခဏလည်း ဂုဏ်သံ၊ ဒြပ်သံ၊ မာနသံ၊ ပညာတတ်သံတို့ကို ခပ်ကျယ်ကျယ်ဖွင့်လျက် ဒါကြောင့် သူများအိမ်မှာနေရတာပဲ၊ ကျွန်ပီပီပျင်းတယ်ဟု ကြိမ်းမောင်းဆူညံနေသောအသံသည် သာယာသောအိမ်ကြီးနှင့် ညှော်ခန်းကို ဆန့်ကျင်ဘက်ပြု၍ လိုဏ်သံပေးကာ ရှိနေလေသည်။

ဦးတုန်းတာသည် ညွန့်ညွန့်၏ဆူသံကို ခဏခဏ ကြားရသောအခါ ညွန့်ညွန့်ကား ခြသေ့်မငယ်ကဲ့သို့ ယစ်သောမာန် ရှိလေပြီ၊ တားမြစ်၍ ရနိုင်ကောင်းသေး၏ဟု အောက်မေ့ပြီးသော် ... "သိပ်ပြီး မဆူပါနှင့် တူမကြီးရယ်၊ ခမျာများမှာလည်း လက်ချမနေကြရှာရပါဘူး။ ခဏများနားပါစေဦးတော့။ ခဏခဏ ဆူပူလွန်းလျှင်လည်း ဘုန်းကြီးကျောင်းက တစ္ဆေ ပရိတ်ရေကိုမကြောက် ဆိုတာလိုပဲ အစေခံများက မလေးဘဲ ဖြစ်လာတတ်ပါတယ်" ဆိုလေ၏။

ညွန့်ညွန့်လည်း "ဦးရယ်၊ ညွန့်ညွန့်လည်း သူတို့ကို ပြောရဆိုရဖန်များလို့ အာညောင်းလှပါပေါ့။ အသံကို လူကြားလွန်းလို့လည်း ရှက်လှပါပေါ့။ အစေခံပီပီ နည်းနည်းမျှ မသိတတ်ကြဘူးရှင့်။ သည်လိုကြောင့် သူ့တကာ့အိမ်မှာ အခိုင်းအစေ ခံနေကြရဟန်တူပါတယ်။ နည်းနည်းကလေးမျှ လူရိပ်လူခြည်ကိုလည်း မသိတတ်ကြဘူးရှင့်။ သူတို့အတွက် အလွန့်ကို စိတ်မောရပါတယ်။ သူတို့အတွက်လည်း လခအပြင် အဝတ်အစားများကိုပါ ပေးရလို့ တစ်လမှာ တစ်ရာလောက် ကုန်နေတဲ့ငွေများဟာ ကျွန်မအသံကို လူကြားဖို့ချည်း ဖြစ်နေပါတယ် ရှင့်" ဟု ဆိုလေ၍ ဦးတုန်းတာလည်း ဆင်းရဲရာမှ ချမ်းသာလာသူဖြစ်သည်အတိုင်း 'အင်း ... မဏ္ဍပ်တိုင်က ကျော်ပြီးလျှင် အမိုးကိုပင် ဖောက်ပြီးတက်မည့် တက်မကလေးပါပဲ' ဟု ဝမ်းတွင်းက လက်လျှော့ကာနေလေ၏။

ညွန့်ညွန့်၏ မိခင်မှာကား တရားမနာရလျှင် ပုတီးစိပ်နေလေ့ရှိ၍

mgyoe.com

mgyoe.com


သမီးဖြစ်သူ၏ ဆူသံပူသံကို ကမ္ဘာ့ဥ္ဂာန်းရွတ်သံကဲ့သို့ သဘောထားဟန် ရှိလျက် တပြုံးပြုံးနှင့် နားထောင်ကာ နေလေ၏။

ဖခင်ဖြစ်သူမှာကား ခပ်အေးအေးပင် နေထိုင်လေ့ရှိသဖြင့် သမီး ဖြစ်သူ၏ လိမ္မာရာလိမ္မာကြောင်းတို့ကို တစ်စုံတစ်ရာမျှ သွန်သင်ပဲ့ပြင် ခြင်းမရှိဘဲ ဦးတုန်းတာနှင့်သာ အထိုက်အလိုက် ပြောဆိုကာနေလေ၏။

ညွှန့်ညွှန့်မှာကား ထိုသစ်ကုန်သည်ကြီး၏ တစ်ယောက်တည်း သော သမီးဖြစ်သည့်ပြင် ခေတ်ကာလအလိုက် အင်္ဂလိပ်စာပေ ပညာမှာ လည်း ၎င်းကဲ့သို့ ဆယ်တန်းအောင်သော မိန်းကလေးသည် ထိုမြို့၌ တစ်ယောက်မျှ မရှိသောကြောင့် လွင့်လျက်ရှိသော မာန်တံခွန်ကို နှိမ် ချိုးခြင်းမရှိဘဲ မောင်မောင်ခေါ်လေ ထီးရိုးရှည်လေဖြစ်လျက် တက်ကြွ ကာ နေသည့်စိတ်ထားသည် တိုးတက်၍သာနေလေ၏။ ညွှန့်ညွှန့်သည် ထိုကဲ့သို့သော စိတ်ထားနှင့် နံနက်တိုင်းလောက်ပင် အစေခံမိန်းကလေး နှစ်ယောက်ကို အဖော်ပြု၍ ကိုယ်ပိုင်ဓာတ်ဆီရထားနှင့် ဈေးသွားခြင်းကို ပြုလေ့ရှိ၏။

ဈေးမှလည်း အသားငါး ဟင်းသီးဟင်းရွက် အမျိုးမျိုးတို့ကို တောင်းကြီးတောင်းငယ်တွင် ပြည့်မောက်အောင် ဝယ်လျက် ဂိုက်ကျကျ နှင့် ပြန်လာလေ့ရှိ၏။

ဦးတုန်းတာရောက်သော နေ့များမှာမူကား သာ၍ပင် ဂိုက်ထုတ် ခြင်းကို ပြုလေသဖြင့် ဈေးသည်တို့မှာ ငွေကြေးပိုက်ဆံ များစွာရလျက် အစေခံတို့မှာ လက်ချ၍မနေရအောင် အလုပ်လုပ်ကြရခြင်းဖြင့် အမြည် အတွန်များစွာ ခံနေရသည်အတိုင်း ၎င်း၏ အစေခံတို့မှာ ဦးတုန်းတာသည် အမြန်ပြန်ပါစေတော့ဟု ဆုတောင်းကြဟန်လက္ခဏာပင် ရှိလေသည်။

ညွှန့်ညွှန့်၏စိတ်၌မူကား ဦးတုန်းတာသည် သူ၏သားနှင့် တော် သော အမျိုးသမီးတစ်ယောက်ကို ငါမှတစ်ပါး တခြားမြင်လိမ့်မည်မဟုတ် ဟု အထင်ကြီးလျက် မိမိအားလည်း ဦးတုန်းတာက ပိုမို၍ အထင်မြင်

mgyoe.com

mgyoe.com

ကြီးစေရန် လူချမ်းသာသမီး၊ အင်္ဂလိပ်စာတတ် အမျိုးသမီးဖြစ်သော မာန်တံခွန်ကို အစွမ်းကုန်လောက်ဘာနန်း ဟိတ်ဟန်လုပ်၍ ဒြပ်ထုတ်ကာ ရှိနေလေ၏။

အစေခံတို့မှာကား စားဖွယ်သောက်ဖွယ် အမျိုးမျိုးတို့ကို ချက်ပြုတ် ကြော်လှော် ဖုတ်ကင်ကြလျက် ဖိတ်စဉ်ထက်ဝက်ပြုလုပ်နေကြသည်ကို ညွှန့်ညွှန့်သော်လည်းကောင်း၊ ၎င်း၏ မိဘသော်လည်းကောင်း ပြန်၍ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ စီမံခန့်ခွဲခြင်း၊ မကုန်တန်လျှင် မကုန်ရအောင် ဖန်တီးခြင်းတို့ မပြုမလုပ်ဘဲ မီးဖိုချောင်၌ ဝင်ရောက်ခြယ်လှယ်ရခြင်းသည် အောက်တန်းစားကျသော အလုပ်တစ်ခုဟု အောက်မေ့၍ အစေခံတို့ကိုသာ မီးဖိုချောင်ကိစ္စ၌ အရေးကုန် လွှဲအပ်ထားလေသည်။

ညွှန့်ညွှန့်၏စိတ်၌လည်း ဓာတ်ဆီရထားတစ်စင်းနှင့် မော်ကြွားလို၍သာ ဈေးဝယ်သွားလျက် မကုန်တန်လျှင် မကုန်ကျရလေအောင် ငွေကြေးကို စေ့စေ့စပ်စပ်သုံးစွဲလို၍ ဈေးသွားဟန်မရှိပေ။ အမျိုးသမီးတို့၏ လက်၌ အိုးမည်းလူးခြင်းသည် များစွာ အောက်တန်းစားကျသည်ဟုလည်း စွဲမှတ်နေပုံရလေ၏။ ဤနည်းဖြင့် ညွှန့်ညွှန့်တို့၏ အစေခံများသည် မီးဖိုချောင် မီးခိုးမစွဲစေဘဲ ငွေကြေးများကို မီးရှို့ကာ အမြဲနေလေသည်။ ဤသည်တို့ကို နေ့စဉ်လောက်ပင် မြင်ရသော ဦးတုန်းတာသည် မိမိ၏မိတ်ဆွေ၌ ဝင်ငွေနှင့် အသုံးအဖြုန်းသည် မမျှနိုင်ဘဲ မကြာမီ မုချ ငွေကျပ်တည်းခြင်း ဖြစ်လိမ့်မည်ဟု မြော်မြင်မိလေ၏။

ဦးတုန်းတာသည် ညွှန့်ညွှန့်တို့အိမ်မှ မပြန်မီတစ်နေ့၌ မိမိ၏ မိတ်ဆွေများနှင့် ပညာသင်ကြားခြင်းအကြောင်းကို ပြောဆိုဆွေးနွေးနေကြလေရာ သစ်ကုန်သည်ကြီးက ဤသို့ ပြောဆိုလေ၏။

"မိတ်ဆွေကိုတာရယ်၊ ယခုခေတ်ကြီးမှာ သားသမီးများအား ပညာသင်ကြားပေးရသော်လည်း အလွန်စိတ်ပျက်ဖွယ် ကောင်းပါတယ်။ ပညာသင်ကြားရသည့် အချိန်မှာလည်း အလွန်တာရှည်၍ ကျောင်းသင်

mgyoe.com

mgyoe.com


ပညာရပ်များမှာလည်း အလွန် များလှပါတယ်။ ကျောင်းက ထွက်သော အခါမှာကား အစိုးရအလုပ်အကိုင်ကို ရနိုင်ဖို့ရန် အလွန်ပင် ခဲယဉ်းပါတယ်။ ကျွန်တော့်သမီးကလေး ညွန့်ညွန့်မှာ ဆယ်တန်းအောင်ပြီးသည်ကား နှစ်နှစ်ခန့် ရှိပါပြီ။ အလုပ်အကိုင် ရရှိဖို့ရန်မှာကား အလွန်ခဲယဉ်းလျက်နေပါတယ်။ ဤကဲ့သို့ ခေတ်ကြီးထဲမှာပင် တက္ကသိုလ်ကျောင်းတိုက်သို့ သွားပြီးလျှင် စာပေပညာ သင်ကြားချင်သေးသတဲ့။

အကယ်၍ တက္ကသိုလ်ကျောင်းတိုက်သို့ သွားပြီးလျှင် စာပေပညာ သင်ကြားသဖြင့် ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့တို့ကို ရလျှင်လည်း အလုပ်အကိုင်ရရန်မှာ အတော်ပင် ခဲယဉ်းလျက်ရှိနေပါတယ်။ မိန်းကလေးဆိုတော့ သာ၍ပင် အလဟာသဖြစ်နေပါတယ်"

ထိုအခါ သစ်ကုန်သည်ကြီး၏ မိတ်ဆွေဧည့်သည်တစ်စုတို့သည် အလွန်သဘောကျကြ၍ ရယ်ကာမောကာနှင့် သူ့ထက်ငါ ထိုစကားကို ထောက်ခံခြင်းပြုကြလေ၏။

ဦးတုန်းတာမှာမူကား မိမိမိတ်ဆွေ၏ စကားကို ထောက်ခံခြင်းမရှိဘဲ မိတ်ဆွေများအလယ်တွင် ဤသို့ ဟောပြောလေ၏။ "မိတ်ဆွေ၏ စကားကို ကျွန်တော်က အလင်္ကာဥပမနည်းအားဖြင့် ပြောဆိုခြင်းမဟုတ်ပါ။ မိတ်ဆွေနှင့်တကွ ဧည့်ပရိတ်သတ်တို့ စဉ်းစားရလေအောင် အစီရင်ခံပါရစေ။

သားသမီးများကို မိဘတို့က စာပေပညာ သင်ကြားစေရာ၌ (၁) လောကမှာ စာတတ်မှ ထမင်းစားရသလား။ ဦးမည်သူသည် စာတစ်လုံးပေတစ်လုံးမျှ မရေးတတ်ဘဲနှင့် ငွေသိန်းပေါင်းများစွာ ချမ်းသာနေပါသည်။ ထိုကဲ့သို့ ချမ်းသာနေသဖြင့် ခေတ်ကြီးမှာ ထိုသူသာလျှင် အရာရာတိုင်း၌ ရှေ့က ရောက်နေပါ၍ စီရင်စုနယ်အဖွဲ့လူကြီးခုံမင်း (Chairman) ဆိုလျှင် ထိုသူ၊ မြို့လူကြီးစု အဖွဲ့ဥက္ကဋ္ဌ (မြူနီစီပါယ်ဥက္ကဋ္ဌ) ဆိုလျှင် ထိုသူ သို့မဟုတ် ထိုကဲ့သို့သူများ၊

mgyoe.com

mgyoe.com

မင်းတိုင်ပင်အမတ်ဆိုလျှင်လည်း ထိုသူ သို့မဟုတ် ထိုသူကဲ့သို့သော သူများတို့သာလျှင် ဖြစ်နေပါ၍ ငါတို့သားသမီးအား ပညာသင်ပေးဖို့ မလို၊ ငွေချမ်းသာအောင်သာ ငွေရပေါက် နည်းလမ်းအမျိုးမျိုးနှင့် ငွေရှာခိုင်းဖို့သာ လိုသည်ဟု အချို့သောမိဘတို့သည် ခေတ်ကာလ စာသင်ကျောင်းများတို့သို့ မပို့ကြကုန်။

ထိုသို့သော မိဘများသည် အိမ်မှာ သားသမီးတို့ ဆူညံခြင်းဘေးမှ ကင်းဝေးရလေအောင် သားသမီးတို့ကို ကျောင်းသို့ပို့ကြ၍ ကျောင်းဆရာကို ကလေးထိန်းခိုင်းပြီးသော် မူလတန်း စာပေပညာမျှကိုပင် ကုန်အောင် မသင်ကြားစေဘဲ ကျောင်းကထုတ်၍ ခိုင်းစေတတ်သော အနိမ့်စားရည်ရွယ်ချက်ရှိသည့် မိဘများ။ (၂) အချို့သူများက ငါတို့ သားသမီးများကို ကျောင်းသို့ပို့၍ ပညာသင်ကြားစေခြင်းဖြင့် ပညာတတ်မြောက်လာလျှင် လောကီစီးပွား၊ လောကုတ္တရာစီးပွားတို့၌ အကျိုး ဖြစ်ထွန်းနိုင်ပေမည်။ စာရေးစာချီ၊ ကျောင်းဆရာ၊ အရာရှိကြီးမှစ၍ လခစားအမျိုးမျိုး လုပ်နိုင်လိမ့်မည်ဟု ရည်ရွယ်ပြီးလျှင် ကျောင်းထားကြလေသည်။

ဤကဲ့သို့သော မိဘတို့၏ ရည်ရွယ်ချက်ကိုကြည့်၍ သတ္တုချကြည့်ရသည်ရှိသော် မိတ်ဆွေ၏ပြောဆိုချက်သည် မှန်ကန်လှပါပေသည်ဟုသာ ထောက်ခံဖွယ်ရာသာ ရှိပါသည်။ သို့ရာတွင် မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင် ဖခင်မယ်တို့တာ ဟူသော ဆုံးမစကားအရ ယူဆပါသော်ကား မိတ်ဆွေကြီး၏ ပြောဆိုချက်ကို ကန့်ကွက်ရန် များစွာရှိပါသည်"

ထိုအခါ ညွှဲပရိသတ်တို့မှာ ဦးတုန်းတာပြောသော စကားသည် စကားဆန်းဖြစ်နေသောကြောင့် အဘယ်ကြောင့် ပညာသင်ကြားရပါသနည်း ဟူသောပြဿနာသည် ပေါ်ထွက်လာပြီးလျှင် ပညာသင်ကြားရေးနှင့် ပတ်သက်၍ ဟောပြောရန် တောင်းပန်ကြသည်အတိုင်း ဦးတုန်းတာသည် ဆက်လက်ပြီးသော် ဟောပြောရပြန်သည်မှာ (က) စာပေပညာ
mgyoe.com

mgyoe.com

သင်ကြားခြင်းသည် ယဉ်ကျေးသောလူမျိုးတို့၏ စရိုက်ဖြစ်ချေသော ကြောင့် စာပေပညာ တတ်မြောက်ကျွမ်းကျင်ခြင်းဖြင့် တက္ကသိုလ်ကျောင်း တိုက်ကြီးအစစ်ဖြစ်သော ကမ္ဘာ့ကိရိယာတန်ဆာတို့ ခြံရံပတ်ဝိုင်းနေသည့် လောကကြီး၌ ပညာအမျိုးမျိုးတို့ကို သိုလှောင်ထားလျက် သော့ပေါက် ပေါင်းများစွာရှိနေသော ပညာဘဏ်တိုက်ကြီးကို ဖွင့်လှစ်နိုင်ရန် သော့ ကလေးတစ်ချောင်း ရခြင်းမျှသာလျှင် ဖြစ်ပါသေးသည်။ စင်စစ် ပညာ တတ်မြောက်ခြင်း မဟုတ်သေးပါ။ ယင်းကဲ့သို့ ဖြစ်ချေသောကြောင့် လောကကြီး၌ ကောင်းစားကြီးပွားရန်အရေးကို စာပေပညာ တတ်မြောက် ရုံနှင့် မရနိုင်သေးပါ။ ၎င်းတို့ကို စဉ်းစားတိုင်းဆ၍ ခေတ်သစ်၊ ကာလ သစ်ကြီး၌ ငါတို့သားသမီးများသည် စာပေပညာ သင်ကြားချိန်၌ သင်ကြားပါစေဟု ခေတ်ကာလအလျောက် ကျောင်းတွင် အပ်နှံထားသင့် ပါသည်။

စာတတ်မှ ထမင်းစားရသလား စသော ဆင်ခြေမျိုးနှင့် စာပေပညာ သင်မပေးသော မိဘတို့မှာ လောက၌ ပညာထူးပညာမွန်ကို ရရှိသည့် သားကောင်းသမီးကောင်းတို့ မရမရှိနိုင်၍ မိမိမှာ ဘဝက ကုသိုလ်ကံ အလျောက် အကျိုးပေးအခွင့်သာသဖြင့် ချမ်းသာပါသော်လည်း သား သမီးတို့မှာကား လူကြီးလူကောင်းတို့၏ သားသမီးများ ရရှိအပ်သည့် ကျင့်ဝတ္တရားကောင်းတို့မှ မဲ့လေသောကြောင့် ဘဝတစ်ပါးသို့ ကူးပြောင်း သွားရသည့်တိုင်အောင် စိတ်မချနိုင်ဘဲ မိဘတို့ကို အပါယ်ခွင်သို့ ရောက်စေတတ်ပါသည်။ မိဘတို့ ကွယ်လွန်သွား၍ ပစ္စည်းပစ္စယတို့ များစွာ ထားခဲ့ပါသော်လည်း သားသမီးတို့မှာ အသိလိမ္မာရှားပါးသူများ ဖြစ်သောကြောင့် မိဘတို့ထားခဲ့သော ပစ္စည်းတို့ကို ထိန်းသိမ်း စောင့် ရှောက်နိုင်ခြင်း၌ မတတ်နိုင်သဖြင့် အလွန် ပင်ပန်းဆင်းရဲခြင်း ဖြစ်ရ တတ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ပြည်၌ မိဘများ၏ ချမ်းသာ စည်းစိမ်သည် မြေးမြစ်တိုင်အောင် များစွာ တည်တံ့နိုင်ခဲ့ပါသည်။
mgyoe.com

mgyoe.com


အကယ်၍ စာပေပညာ မတတ်သဖြင့် အသိအလိမ္မာ ကင်းရှင်းလျက် ချမ်းသာကြွယ်ဝနေသည့် မိဘတို့ဖြစ်ဘိမူကား ၎င်းတို့သည် ကိုယ်ကောင်းဖို့ကိုသာ ယက်ယူနေသည့် လူမသမာတို့၏ ဖြားယောင်း သွေးဆောင်ခြင်းနောက်သို့ ပါသွားမိပြီးသော် မိမိ၏ဥစ္စာပစ္စည်းကို မိမိလက်ထက်တွင်ပင်လျှင် ပြုန်းတီးစေသဖြင့် သားသမီးတို့အား စည်းစိမ်ဥစ္စာ အမွေအနှစ်ကို မပေးခဲ့နိုင်သည့် လူညွန့်တုံးကြီး ဖြစ်ရတတ်ပါသည်။

ထိုမိဘတို့သည်ပင်လျှင် သားသမီးတို့အား ကျင့်ဝတ္တရားကောင်းနှင့် ပြည့်စုံသည့် တိုင်းကြီးပြည်ကြီးသား ဖြစ်ရလေအောင် ဆုံးမသွန်သင်ခြင်း မပြုတတ်သဖြင့် တိုင်းပြည်တွင် အမှိုက်ပုံများ ပုံထားခဲ့သည်နှင့် တူပါသည်။ ယင်းသို့ဖြစ်၍ မိဘများ စာပေပညာ မတတ်မြောက်ပါလျှင် တိုင်းပြည်၌ လူညံ့တို့ကို ပေါက်ပွားစေတတ်ပါသောကြောင့် ထိုတိုင်းပြည်သည် ရေမရှိသော မြစ်ဆိပ်ကမ်းကဲ့သို့ အသရေအမျိုးမျိုး နွမ်းကျလျက် ကောင်းစားခြင်းဂုဏ်သရေမှ ဆုံးရှုံးရပါလိမ့်မည်။

(၁) ကျောင်း၌ စာပေပညာသင်ကြားနေရသည်မှာ အချိန် တာရှည်လွန်းသည်ဟု ဂယက်ရိုက်လျက် သူ့ထက်ငါ ပြောဆိုနေကြပါသည်။ သို့ရာတွင် အသက်နှစ်ဆယ်မကျော်မီအချိန် အရွယ်မရောက်သေးသော သူများအား အုပ်ထိန်းခြင်း၊ ဆုံးမပဲ့ပြင်ခြင်း၊ သွန်သင်ခြင်းတို့နှင့် လွတ်ကင်းသည်ကို အများအားဖြင့် ကြိုက်နှစ်သက်သင့်ကြလိမ့်မည် မဟုတ်ပါ။ အကယ်၍ ကြိုက်နှစ်သက်သည်ရှိသော် တိုင်းပြည်နှင့် လူမျိုးကြီးသည် ကစဥ့်ကလျား ပျက်စီးသွားရန် အကြောင်းရင်းကြီးပင် ဖြစ်ရပေလိမ့်မည်။ ထို့ကြောင့် အသက်နှစ်ဆယ် မကျော်သေးသော သူငယ်များကို ကောင်းစွာ ထိန်းသိမ်းအုပ်ချုပ် ဆုံးမပဲ့ပြင် သွန်သင်လမ်းပြပေးဖို့ လိုပါသည်။

ထို့ကြောင့် ဆရာကောင်းထံ၌ နှစ်ရှည်လများ သူငယ်တို့ကို တစ်သက်ပန် လူလုပ်ရေးအတွက် အပ်နှံထားရခြင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com


တိုင်းပြည်နှင့်လူမျိုး ကြီးပွားကောင်းစားရန်အတွက် ၎င်းကို အခြေပြုသင့်သည့်အတိုင်း ပြုကြပါလျှင် ကျွန်တော်တို့ မိဘရင်းများသည် တတ်စွမ်းနိုင်ပါက သားသမီးတို့ကို နေ့ကျောင်းသားအဖြစ်နှင့် အပ်နှံထားခြင်းထက် ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့် အပ်နှံထားခြင်းက သာ၍ အကျိုးသက်ရောက်နိုင်ပါသည်။

မိဘတို့သည် သားသမီးတို့ကို တဏှာပေမနှင့် စပ်လျဉ်း၍ သံယောဇဉ်နှောင်ကြိုးဖြင့် အလွန်ချစ်ခင်ကြ၏။ ထို့ထက် ဆရာကောင်းတို့သည် တိုင်းပြည်လူမျိုး ကြီးပွားကောင်းစားရေးအတွက် တပည့်တို့ကို အလွန်ချစ်ခင် ယုယကြကုန်၏။ ထို့ကြောင့် ဆရာကောင်းတို့သည် တပည့်တို့အား (၁) ကိုယ်လက်ကျန်းမာ၍ လူလုံးလူဖန် တင့်တယ်ပြီးလျှင် ဥပမိရုပ်ကောင်းရန် သွန်သင်ပဲ့ပြင်ကုန်ကြ၏။ (၂) မုသားပြော၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ ကိုယ်ဖို့ကောင်းကိုသာ သိခြင်း၊ ပျင်းရိခြင်း၊ ကြောက်ရွံ့ခြင်း စသော မကောင်းမှုအမျိုးမျိုးတို့ မဖြစ်ပေါ်ရလေအောင် ဆုံးမတားမြစ်ပဲ့ပြင်သွန်သင်ခြင်း၊ (၃) တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်ရန်၊ သဘောထားကြီးမြင့်ရန်၊ သူတစ်ထူးကို ကယ်ဆယ်စောင့်ရှောက်ရန်၊ စည်းကမ်းနည်းလမ်းနှင့် လုပ်ကိုင်နေထိုင်တတ်ရန်၊ သေဝပ်ပိပြားရန်၊ ခြိုးခြံချွေတာတတ်ရန်၊ ရိုသေကိုင်းရှိုင်းတတ်ရန် စသော စိတ်ကောင်းစိတ်မြတ်တို့ ပေါက်ပွားရန် မွေးမြူတတ်ခြင်း အစရှိသည်တို့ကို မိမိတို့ဝတ္တရားအတိုင်း အမြဲ ပြုစုပျိုးထောင်လျက်ရှိပါသည်။

ကျွန်တော် ပြဆိုခဲ့သည့်အတိုင်း ကျင့်ဝတ္တရားကောင်းတို့ကို ရရှိပိုက်မိစေရန် သူငယ်များအား ပြုစုရေး၌ မိဘတို့ မတတ်မသိသော်လည်း ဆရာကောင်းများစွာတို့သည် တတ်သိလျက်ရှိပါသည်။ ထို့ကြောင့် အကြမ်းအားဖြင့် ရုံး၍ အစီရင်ခံရပါသော် မိဘတို့သည် ဆရာကောင်းများထံ၌ သားသမီးများကို တာရှည်လေးမြင့်စွာ အပ်နှံထားရသည်မှာ စရိတ်ကြေးငွေ အကုန်အကျများရန်၊ အချိန်ကုန်ရန်အတွက်တို့မဟုတ်။

mgyoe.com

mgyoe.com

သားသူငယ်တို့ လူကြီးလူကောင်းဖြစ်နိုင်ရန်နှင့် နိုင်ငံကြီးသားတို့၏ ကျင့်ဝတ္တရားကောင်းတို့နှင့် ပြည့်စုံရန်အတွက်သာလျှင် ဖြစ်ပါသည်။

ယခုအခါ၌ များစွာသောသူတို့က ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံတော်ကို လက်နက်နိုင်ငံတော် ပြုစဉ်အခါက အင်္ဂလိပ်စာကိုသာ အရေးတကြီးထား၍ တတ်မြောက်အောင် သင်ပေးသည်ကဲ့သို့ နှစ်တိုတို နှင့် တတ်မြောက်အောင် စာပေပညာ သင်ကြားလိုကြသည့်အတိုင်း ဆရာများက နှစ်အတိုဆုံးနှင့် သင်ကြားပေးလိုက်ပါလျှင် ထိုသူငယ်တို့မှာ လခစား အမှုထမ်းအရပ်ရပ် အလုပ်တို့ကို လုပ်ကိုင်ရန်အတွက်သာလျှင် စိတ်အခြေခံ ရရှိနေ၍ နိုင်ငံခြားသားများသာဖြစ်သော သူဌေးများနှင့် အလုပ်ရုံရှင်ကြီးများထဲ၌ဖြစ်စေ၊ အစိုးရအဖွဲ့များထဲ၌ဖြစ်စေ ကိုယ်ကို ပေါင်နှံရင်း ရင်းလျက် အချိန်အရွယ်ကောင်းစဉ်အခါ လခစားလုပ်ကိုင် ရပြီးနောက် အိုမင်းမစွမ်းရှိသောအခါ ဆင်းရဲပင်ပန်းစွာနှင့် နေကြရပြီးလျှင် အရိုးထုတ်ရာကြရပေလိမ့်မည်။

တစ်နည်းအားဖြင့်လည်း ကျောင်းသားတို့အား အချိန်အတိုဆုံးနှင့် စာပေပညာ သင်ကြားပေးလိုက်ပြီးနောက် လုပ်ကိုင်စားသောက်ရန် အသက်မွေးဝမ်းကျောင်းအတွက် ပညာတစ်ခုခုကို သင်ပေးလိုက်သည် ရှိပါသော် ထိုသူတို့သည် အချိန်အရွယ်ရောက်သောအခါ အလုပ်ရုံကြီးများ၌ အစေခံအဖြစ်နှင့် အသက်မွေး ထိန်းကျောင်းရပြီးနောက် တစ်သက်လုံး အစေခံ ဖြစ်နေရတတ်ပါသည်။

လက်မှုပညာအလုပ်ရုံကြီး (Industry) အမျိုးမျိုးများ မရှိသေးသော ကျွန်တော်တို့နိုင်ငံ၌ကား ထိုအစေခံနည်းစနစ်ကိုပင် ရယူနိုင်ဖို့ ခဲယဉ်းနေပါသေးသည်။ စင်စစ်အားဖြင့်သော်ကား ထိုသို့သော အချိန်တိုတိုနှင့် စာပေပညာ သင်ကြားရေးနည်းစနစ်မှာ ပြဆိုခဲ့ပြီးသော သခင့်စိတ်ဓာတ်မှ ဆုံးရှုံးရလေ၍ နိုင်ငံတော်နှင့်အလုံး အခစားဖြစ်နေစေတတ်သောကြောင့် "ကျွန်ပညာ" ဟု အကျဉ်းအားဖြင့် ခေါ်ဆိုသင့်

mgyoe.com

mgyoe.com

ပါသည်။ သည့်ပြင် တိုင်းရင်းသားတို့သည် မိမိနိုင်ငံကို မိမိတို့ မတည်ထောင်နိုင်ဘဲ နိုင်ငံခြားသားတို့ လာရောက်တည်ထောင်ကြရာ၌ ကောင်းစွာ အထမြောက်ရလေအောင် ဝမ်းမြောက်ဝမ်းသာ စိတ်ကျေနပ်နပ်နှင့် လခစား အဖြစ်ဖြင့် အမှုထမ်းရွက်ကြ၍ ကူညီနေရခြင်းမျှသာ ဖြစ်ချေသောကြောင့် တိုင်းပြည်နှင့် လူမျိုးကြီးကို ပပျောက်စေတတ်ပါသည်။

ဤနည်းရိုးစွဲဖြင့် မြန်မာပြည်၌ အလွန်စည်ကား ထင်ရှားကျော်စောသော ရေနံချောင်းရပ်ကွက်နှင့် ရန်ကုန်မြို့မကြီးသည် တိုင်းရင်းသားတို့၏ လက်မှ လွတ်ထွက်လုရမတတ် ဖြစ်နေသည်ကို ထင်ရှားစွာ မြင်နိုင်ပါသည်။ ယင်းသို့ ဖြစ်ချေ၍ သခင်ပညာကို အလိုရှိချေသော် ကျောင်း၌ စာပေပညာကို သင်ကြားရသည်မှာ တာရှည်လွန်းလှပါသည်ဟူသော မင်္ဂလာမဲ့စကားတို့ကို တိတ်ဆိတ်စေသင့်ပါသည်။

သို့သော် ယခုအခါ၌ စာပေပညာသင်ကြားခြင်းသည် အချိန်ကြာနေပါ၍ သခင်ပညာကို ရပါပြီလောဟု မေးဖွယ်ရှိနေပါ၏။ ကောင်းစွာ မရသေးပါဟု ကျွန်တော် ဖြေဆိုရပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် စာပေပညာ သင်ကြားသူတို့သည် လခစားကိုသာ ရွယ်မှန်း၍ သင်ကြားနေကြသောကြောင့် နောင် ကျွန်တော့်စကားတွင် ပါဝင်ရှင်းလင်းလာပါလိမ့်မည်။

ကျွန်တော်ပြောပြခဲ့သော အချက်စုတို့၌ ဤသို့ ဆင်ခြေဝင်ရန်ရှိပြန်၏။ ရှေးအခါက ဤကဲ့သို့ စာသင်ကျောင်းမျိုး မရှိပါဘဲလျက် ကျွန်တော်တို့ အမျိုးသားများသည် အဘယ့်ကြောင့် အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် ထွန်းလင်းခဲ့ပါသနည်းဟူသော ထိုဆင်ခြေကို ကျွန်တော် ဖြေရှင်းရပါဦးတော့မည်။

ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ဘိုးတော်ဘုရား လက်ထက်တော်အထိတို့၌ များသောအားဖြင့် ကျွန်တော်တို့မြန်မာလူမျိုးတို့သည် ထွန်းတောက်ခဲ့ပါ၏။ ထိုခေတ်တို့၌ မိဘကောင်းတို့သည်
mgyoe.com

mgyoe.com

သားသမီးများကို ဆရာကောင်းများထံ၌ အသက် ခုနစ်နှစ်အရွယ်က စပြီးလျှင် အသက်အရွယ် နှစ်ဆယ်လောက်ထိအောင်ပို့ရောက်၍ စာပေ ပညာများကို သင်ကြားစေပါသည်။ ထို့နောက် မိမိသားသည် ရှင်လူ ထွက်၍ ဆရာ့ထံမှ ထွက်လာခဲ့သောအခါ မည်သည့်ဝါသနာကို စွဲမြဲ လာသည်ဟု မိဘများသည် အကဲဖြတ်ပြီးသော် အသက်မွေးဝမ်းကျောင်း အတွက် ဆရာများထံတွင် အပ်နှံကြရပြန်ပါသည်။

အချို့သော မိမိသားကား လူစွမ်းလူစထက်သည်၊ နှုတ်ရေး ကြွယ်သည်ဟု အကဲဖြတ်ရကာလ။ ရှေ့နေရှေ့ရပ်ထံ၊ ခုံထံ၊ မြို့ဝန်ထံ၊ မင်းသားတစ်ပါးပါးထံ စသည်ဖြင့် ကျွေးကျွန်အဖြစ်နှင့်သုံးစွဲရန် အပ်နှံ ထားပါသည်။ ထို့နောက်မှ တစ်စတစ်စ ကြီးပွားလာရပါသည်။

အချို့အချို့မှာ ဗေဒင်ဆရာ၊ လက်သမားဆရာ၊ ပန်းရန်ဆရာ၊ ပန်းပုဆရာ၊ ပန်းပဲဆရာ၊ ကုန်သည်ပွဲစား၊ လှေသူကြီး၊ အိုးထိန်းသည် စသည်တို့၌ မိမိတို့သား၏ လူကဲအလျောက် အပ်နှံ၍ အသက်မွေးမှုပညာ ကို သင်ကြားစေပါသည်။ ထိုအခါ ဆရာများက မိမိတပည့်တို့အား ရုတ်တရက် မိမိအတတ်ကို သင်မပေးဘဲ ထမင်းချက်၊ လက်ဖက်ရည် တည်အဖြစ်နှင့်ပင် ပထမ စတင်၍ ခိုင်းစေပါသည်။ ထိုအခါ၌ အကဲမရ ချေသော် မိဘထံသို့ ပြန်ပို့လိုက်လေသည်။ ထို့ကြောင့် ယောကျ်ားဖျင်းက ထမင်းချက်သာဟု စကားပုံရှိပါသည်။ ထိုယောကျ်ားသည်လည်း ထမင်းချက်၊ လက်ဖက်ရည်တည်ကပင် မတိုးတက်ဘဲ ရှိနေတတ်ပါသည်။

ဆရာဖြစ်သူများသည် မိမိတပည့်၏ လူစကိုကြည့်၍ အကဲရရှိချေ သော် သုံးနှစ်သုံးဝါ တောက်တိုမည်စ ခိုင်းစေပြီးနောက်မှ တစ်စတစ်စ ဆိုင်ရာပညာကို သင်ပေးသဖြင့် တတ်မြောက်လာသောအခါ တပည့် လက်သား အရင်းအနှီးစုံလင်နှင့် စင်ခွဲတည်ထောင်ပေးလိုက်ကြပါသည်။ အချို့တပည့်များကို မိမိထက် အရည်အချင်းသာမည်ဟု ဆရာက ထင် သောအခါ သမီးနှင့်ဖြစ်စေ၊ မြေးဦးနှင့်ဖြစ်စေ လက်ထပ်၍ စင်ခွဲ တည်

mgyoe.com

mgyoe.com

ထောင်ပေးခြင်းကို ပြုကြပါသည်။ ၎င်းကို ရည်ရွယ်၍ တပည့်ဦးကို မြေးဦးနှင့် လက်ထပ်ပေးသည်ဟု စကားပုံရှိပါသည်။

ထိုကဲ့သို့လျှင် ပညာသင်ကြားရေး နည်းစနစ်ကောင်းသည် ကျွန်တော်တို့လူမျိုး ခေတ်ကြီးထွန်းလင်းစဉ်အခါကလည်း တည်ရှိနေပါသောကြောင့် အင်ဒိုချိုင်နားကျွန်းဆွယ်တွင် ကျွန်တော်တို့အမျိုးသားများသည် အရာရာတိုင်း၌လောက်ပင် အကဲရောက်ခဲ့ပါသည်။

(ဂ) ယခုခေတ်ကြီး၌ ကျောင်းက ထွက်လာသောအခါ အလုပ်မရ၊ အစိုးရသည် ပညာတတ်တို့အား အလုပ်မပေးနိုင်။ ထို့ကြောင့် ဝိဇ္ဇာတွေ မဟာဝိဇ္ဇာတွေ အလုပ်အကိုင်မရှိကြဘဲ မှိုင်တွေနေကြရရှာပြီ၊ တေလေဖြစ်ကြရတော့မည်။ ဆယ်တန်းအောင်သောသူတို့မှာလည်း ပုလိပ်အလုပ်မျှကိုပင် မရနိုင်ကြ စသည်တို့ဖြင့် တိတ်ဆိုးနိမိတ်ဆိုး အမင်္ဂလာစကားကြီးသည် တိုင်းပြည်ကို တုန်လှုပ်ချောက်ချားကာ ရှိစေပါသည်။

ထိုသို့သော နိမိတ်ဆိုးကို မဖြစ်စေသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် စာပေပညာ သင်ကြားရခြင်းသည် လခစားအလုပ်အကိုင်အတွက်သာ မဟုတ်ပါ။ ပညာဘဏ်တိုက်ကို ဖွင့်လှစ်ရန် သော့ကလေးတစ်ချောင်း ရရန်အတွက် ဖြစ်သည်ကို ကျွန်တော် အစီရင်ခံပြီးခဲ့ပါပြီ။ ထိုသော့မှာလည်း အမျိုးမျိုးရှိနေပါ၍ မူလတန်းစာပေပညာကိုသာ တတ်သောသူတို့မှာ ပမာဆိုသော် အများအားဖြင့် ရွံ့စေးခြောက်နှင့် ပြုလုပ်သည့် သော့ကို ရသောသူ ဖြစ်ပါသည်။

အလယ်တန်းစာပေပညာမျှလောက်သာ တတ်သိသော သူတို့မှာကား သစ်သားသော့ကိုလည်းကောင်း၊ အထက်တန်းပညာကို တတ်သောသူတို့မှာ သစ်သားအနှစ်နှင့်လုပ်ထားသော သော့ကိုလည်းကောင်း ရရှိထားသူတို့နှင့် အများအားဖြင့် တူပါသည်။ တက္ကသိုလ်ပညာများကို ရရှိထားသောသူတို့မှာကား သတ္တုသော့ကို ရရှိထားသူများနှင့် တူပါသည်။

mgyoe.com

mgyoe.com


ထိုသော့မျိုးကို စဉ်းစားဆင်ခြင်စုံစမ်းတတ်ခြင်း၊ ကိုယ်တိုင်ရှာဖွေလုပ်ကိုင် ကြံစည်တတ်ခြင်းတို့နှင့် ပြည့်စုံသောသူများမှာလည်း တက္ကသိုလ်ကျောင်းတိုက်သို့ မမြင်ဖူးပါလျက်နှင့်ပင် ရရှိနိုင်တတ်ပါသေးသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့နိယာမ တက္ကသိုလ်ကျောင်းကြီး၌ ဝါသနာဘာဂီနှင့်အညီ ပညာကို အမြဲရှာဖွေဆည်းပူးလေ့ရှိသော သူများသည် တစ်ခုခုသော အတတ်၌ ပါမောက္ခမြောက်အဖြစ်နှင့် လည်းကောင်း၊ ကော်ကနုအဖြစ်နှင့်လည်းကောင်း တတ်မြောက်နိုင်တတ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းတိုက်ကို စတင်တည်ထောင်သောသူတို့သည် တက္ကသိုလ်ကျောင်းတိုက်မှ ထွက်သောသူများ မဟုတ်ကြပါ။

စာသင်ကျောင်းတို့သည် စင်စစ်အားဖြင့် လခစားအလုပ်ကိုသာ မရည်ရွယ်သောကြောင့် အတတ်ပညာအမျိုးမျိုး၏ အခြေခံဖြစ်သော သင်ခန်းစာအရပ်ရပ်တို့ကို ကျောင်းသားတို့အား ရရှိစေပါသည်။ ထိုသို့ ရရှိစေခြင်းကိုပင် သင်ခန်းစာများကား များလွန်းသည်၊ စာမေးပွဲ မအောင်နိုင်ရန် ပြုလုပ်ထားသည်၊ အလုပ်လုပ်သောအခါ ထိုသင်ခန်းစာတို့သည် အလုပ်နှင့် ဘာမျှမဆိုင်ဟု ပညာသင်ကြားရေးနည်းစနစ်ကို စေ့ငုခြင်း မရှိဘဲ ပုတ်ခတ်ပြောဆိုကြပါသည်။

ကျောင်းဆရာအတတ်ကို မစဉ်းစားမဆင်ခြင်ဘဲနှင့်လည်း ရဲရင့်စွာ အပြစ်စကားပြောဆိုကြပါသည်။ ထို့ကြောင့် ကျွန်တော်သည် ထိုအကြောင်းများနှင့် စပ်လျဉ်း၍ အနည်းငယ် ရှင်းလင်းရမည်မှာ ...။

ကျောင်းများ၌ ပထဝီဝင်ပညာကို သင်ကြားကြရ၏။ ထိုပညာကို သင်ကြားရသည်မှာ တောတောင်မြို့ရွာတို့အတွက်ကိုသာ တတ်သိရန် မဟုတ်၊ အကျဉ်းအားဖြင့် (၁) စဉ်းစားဆင်ခြင်ဉာဏ် ကြီးမားရန် (၂) ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းဆောင်တာရေးတို့၌ ကမ္ဘာကို အမြင်ကျယ်ပြီးလျှင် မိမိတိုင်းပြည်နှင့် အခြားတိုင်းပြည်တို့ကို နှိုင်းယှဉ်၍ မိမိတိုင်းပြည်၌ ကောင်းသောအလုပ်အကိုင် အကြံအစည်တို့ကို

mgyoe.com

mgyoe.com


တင်သွင်းဖြစ်ထွန်းလိုသော စိတ်ထားရှိရန်၊ (၃) စီမံအုပ်ချုပ်ခြင်း၌ မိမိတိုင်းပြည်နှင့် အခြားတိုင်းပြည်တို့ကို နှိုင်းယှဉ်၍ မိမိတိုင်းပြည်အတွက် သင့်လျော်သော အုပ်ချုပ်ခြင်းတို့ကို လိုလားတတ်ရန်တို့အတွက် ဖြစ်ပါသည်။

အကျယ်မှာကား အလွန်များ၍ ဆရာကောင်း ဆရာတတ်တို့ ချဲ့ထွင်၍ သင်ကြားပေးတတ်တိုင်း အလွန်ကျယ်ပြန့်သော အကျိုးတရားတို့ကို ရနိုင်ပါသည်။ ထို့အပြင်လည်း လောကဓာတ်နှင့် ဝတ္ထုပစ္စည်းပညာများကို သင်ပေးပါသည်။ ထိုပညာရပ်များမှာလည်း ၎င်းတို့ကို တတ်သိရန်အတွက်သာ မဟုတ်။

တပည့်တို့သည် (၁) စေ့ငုတိုင်းထွာ ဆင်ခြင်တတ်ရန်၊ (၂) စဉ်းစားဉာဏ် ထက်သန်ရင့်မာထွားကျိုင်းရန်၊ (၃) စေ့စုံစွာ ရှာဖွေစုံစမ်းတတ်ရန်၊ (၄) အသစ်အဆန်းကို ရှာကြံဆည်းပူးလေ့လာတတ်ရန် (၅) ကမ္ဘာသူ ကမ္ဘာသားတို့သည် နေ၊ လ၊ မိုး၊ ရေ၊ သစ်ပင်၊ လယ်ယာ၊ မိုးမြေ၊ သစ်ပင်တောတောင်၊ ဥတု၊ တိရစ္ဆာန်သတ္တဝါ၊ ဓာတ်သတ္တုတို့နှင့် အမြဲဆက်ဆံနေထိုင်ကြရသောကြောင့် ထိုပညာကို ရှာဖွေဆည်းပူး သင်ကြားနေရစဉ်အခါ မိမိထုံသော ဝါသနာကို တပည့်တို့သည် အထူး ထက်သန်စွဲမြဲလာရကား ဆရာများက ပင်္ဂသန္တေစိတ်မှ ပါလာသည့် ဝါသနာဘာဂီကို ထက်သန်ထုံမြဲ အားပေးရန်တို့အတွက် ဖြစ်ပါသည်။

ပုံရေးပညာ၊ လက်မျက်စိအလေ့အကျင့်ပညာ၊ (Hand and Eye Training)တို့ကိုလည်း ကျောင်းအချို့တို့တွင် သင်ပေးပါသေးသည်။ ထိုပညာတို့မှာလည်း အချုပ်အားဖြင့် ၎င်းတို့ကိုသာ တတ်ရန်မဟုတ်၊ (၁) စိတ်ကူးယဉ်ကျေးသိမ်မွေ့ရန်၊ (၂) ကြည့်ရှုမှတ်သားတတ်ရန်၊ (၃) စိတ်ရှည်ရှည်ထား၍ သည်းခံတတ်ရန်၊ (၄) လုံ့လဝီရိယရှိရန်တို့အတွက် ဖြစ်ပါသည်။

ရာဇဝင်ပညာမှာလည်း အချုပ်အားဖြင့် ဖွားသေစာရင်းမျှသာ

mgyoe.com

mgyoe.com

ဖြစ်သော ဘုရင်မင်းမြတ်တို့၏ မိဖုရားသန့်စင်တော်မူခြင်း၊ နန်းတက်တော်မူခြင်း၊ နတ်ရွာစံတော်မူခြင်းတို့မျှလောက်ကိုသာ တတ်သိရန်မဟုတ်၊ အမျိုးသားစိတ်နှင့် ကောင်းသောစိတ်ထားတို့ ပေါ်ပေါက်လာရန်တို့အတွက် ဖြစ်ပါသည်။

ဤကဲ့သို့ အကြမ်းဖျင်းအားဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့အတွက် စီစဉ်ထားသော ပညာရပ်အသီးသီးတို့မှာ တပည့်တို့ပင်ပန်းနွမ်းနယ်စေရန်နှင့် အချိန်ပိုမို ကုန်ကြရန်တို့အတွက်ငှာ မဟုတ်ပါ။ တိုင်းပြည်လူမျိုး ကြီးပွားရန်တို့အတွက် ထိုသော အနောက်နိုင်ငံကနည်းစနစ်ကောင်းတို့ပင်ဖြစ်၍ စိတ်ကို တည်တံ့ ခိုင်မြဲစေတတ်ပါသည်။ အကျယ်ကိုကား စကားရှည်၍ နာရီသာများသော်လည်း မကုန်မဆုံးနိုင်ဖြစ်ရချေတော့မည်ကြောင့် မပြောအားတော့ပါ၊ ဆက်စပ် စဉ်းစား၍သာ ယူတော်မူကြပါ။

ကျွန်တော်သည် ယခုကဲ့သို့ စာပေပညာသင်ကြားရေးကို တန်ဆာဆင်၍ ပြောဆိုပါသော်လည်း ယခုခေတ် ကျောင်းထွက်ပညာတတ်ဆိုသောသူအချို့တို့မှာ ခင်ဗျားပြောဆိုသွားသော အကျိုးကျေးဇူးကောင်းတို့ကို မရမရှိပါကလားဟု ဆင်ခြေဝင်ဖွယ် ဖြစ်ပါသည်။ ထို့ကြောင့်ထပ်မံ၍ အစီရင်ခံပါဦးမည်။

ကျေးဇူးရှိစေပါသော်လည်း မိဘများမှာ အလတ်စားမိဘတို့သာများနေပါ၍ စာသင်သားတို့မှာလည်း လခစားအလုပ်ကိုသာ ရည်မှန်းသင်ကြားကြပါသောကြောင့် ဆရာသင်ပေးသော ပညာရပ်တို့ကို စာမေးပွဲအောင်ရုံသာ လိုက်နာကြ၍ နှုတ်ရကျက်ဆောင်ကြပြီးသော် စက္ကူထူထူပေါ်၌ အောင်လက်မှတ်ကိုသာ အလိုရှိနေကြသည့်အတွက် စာသင်သားတို့မှာ ကျောက်ကျောရေပက် ဖြစ်နေပြီးလျှင် စာမေးပွဲ၌ ခိုး၍ရကရနိုင်ရန် လုံ့လထုတ်နေကြပါ၍ ဆရာသင်ပေးသော ပညာရပ်တို့သည်စက္ကူမည်းပေါ်၌ မင်မည်းနှင့်ရေး၍ မထင်သကဲ့သို့ ဖြစ်နေရပါသည်။

mgyoe.com

mgyoe.com


စင်စစ်အားဖြင့်သော်ကား စာပေပညာတတ် ကျောင်းထွက်များသည် ခက်ခဲသည့်လခစားအလုပ်ကိုသာ မျှော်လင့်မနေကြဘဲ သေးသေးသိမ်သိမ်နှင့် လုပ်ကိုင်နေသော မိဘများ၏ လုပ်ငန်းဆောင်တာမျှကိုပင် လုပ်ကိုင်ဆောင်ရွက်သင့်ကြပါသည်။ ထိုအခါ ကျောင်းထွက်တို့မှာ ပညာတိုက်ကြီးအား ဖွင့်လှစ်ရန်သော့ကို ရထားသူများဖြစ်ချေသောကြောင့် မိမိလုပ်ငန်းနှင့် သက်ဆိုင်သည့်စာတမ်းများ၊ စာအုပ်များတို့ကို ဝယ်ယူဖတ်ကြည့်ပြီးသော် လုပ်ကိုင်ဆောင်ရွက်ပါက မိမိ၏ မိဘလက်ထက်ကထက် ကြီးပွားကောင်းစားပြီးသော် တိုင်းပြည်အကျိုးဆောင်အမျိုးကောင်းသားတစ်ယောက် ဖြစ်လာနိုင်ဖို့ရှိပါသည်။

ယခုမှာကား ... တစ်ခါလာလည်း မဲပြာဗုဆိုးဆိုသော စကားကဲ့သို့ တစ်ယောက်ကျောင်းက ထွက်လာလျှင် လခစား၊ နောက်တစ်ယောက်ထွက်လာပြန်သောအခါမှာလည်း လခစား ဖြစ်နေလေသောကြောင့် တိုင်းပြည်အကျိုးဆောင် အမျိုးသားကောင်းတစ်ယောက်ပါပေ ဟု ပြရန်ပင် မရှိသလောက် ဖြစ်နေပါသည်။

ဥပမာဆိုချေသော် (၁) မောင်မည်းသည် မုန့်သည်မတစ်ယောက်၏ သားအဖြစ်နှင့် ကျောင်းက ဆယ်တန်းအောင်၍ ထွက်လာသောအခါ မိမိ၏ မိဘအလုပ်ဖြစ်သော အလုပ်ကို ဝင်ရောက်လုပ်ကိုင်လေ၏။ ထိုအခါ မိမိအလုပ်နှင့် သက်ဆိုင်သည့် မုန့်သေတ္တာမှစ၍ မုန့်အမျိုးမျိုးလုပ်နည်းအတတ်ဖြစ်သော စာအုပ်စာတမ်း အမျိုးမျိုးတို့ကို ဖတ်ကြည့်၍ တတ်မြောက်သဖြင့် စမ်းသပ်လုပ်ကိုင် ဖြစ်ထွန်းလာသောအခါ မောင်မည်းသည် မုန့်လုပ်ငန်း၌ ခေတ်သစ်ထွင် ပညာတတ်တစ်ယောက် ဖြစ်လာပေလိမ့်မည်။

ထိုအခါ မိဘလုပ်ငန်းကို ချဲ့ထွင်လုပ်ကိုင်၍ မိမိ၏မုန့်ဆိုင်မှ ခေတ်ကာလပေါ် မုန့်အမျိုးမျိုးတို့ကို ပေါ်ထွက်စေနိုင်ပေလိမ့်မည်။ ထိုအခါ မိမိ၏လုပ်ငန်းဆောင်တာအတွက် အမျိုးသားလခစားပေါင်း

mgyoe.com

mgyoe.com

များစွာကို အလုပ်ပေးနိုင်မည့်အပြင် မုန့်အမျိုးမျိုးတို့အတွက် တိုင်းပြည်မှ နေ့မစဲထွက်နေသည့် ငွေပေါင်းများစွာကို ပိတ်ပင်တားမြစ်နိုင်သူလည်း ဖြစ်သောကြောင့် တိုင်းပြည်ကို ကိုယ်ထိလက်ရောက် ချစ်ခင်တတ်သည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးအဖြစ်ဖြင့် ကြွယ်ဝကောင်းစားလာရပေလိမ့်မည်။

(၂) မောင်ဖြူသည် ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောက်သောသူ၏ သားတစ်ယောက်အဖြစ်နှင့် ကျောင်းတွင် စာပေပညာများကို သင်ကြားခဲ့ရ၏။

၎င်းသည် ကျောင်းကထွက်သောအခါ မိဘ၏ အလုပ်အကိုင်ဖြစ်သော ဥယျာဉ်အမှုကို လုပ်ကိုင်ဆောင်ရွက်လေ၏။ ထိုအခါ မောင်ဖြူသည် မိမိအလုပ်နှင့် ပတ်သက်သည့် စာအုပ်စာတမ်းများကို ဖတ်ကြည့်၍ မိမိလုပ်ငန်းဆောင်တာများကို ခေတ်သစ်နည်းသစ်အရ လုပ်ကိုင်ဆောင်ရွက်ချေသော် စည်သွင်းယိုဘူး အမျိုးမျိုးတို့ကိုပင် မောင်ဖြူ၏ လုပ်ငန်းမှ ထွက်လာရတော့မည်ဖြစ်သောကြောင့် မောင်ဖြူသည် အမျိုးသားပေါင်းများစွာကို အလုပ်အကိုင်ပေးနိုင်မည့်သူ တစ်ယောက်ဖြစ်သည်ပြင် တိုင်းပြည်မှ စည်သွင်းယိုဘူးများအတွက် ထွက်နေသော ငွေပေါင်းများစွာကို ပိတ်ပင်လျက် တိုင်းပြည်၏ဝင်ငွေကို တိုးပွားစေသောသူ တစ်ယောက်အဖြစ်နှင့် ကောင်းစားကြီးပွားရတော့မည် ဖြစ်သောကြောင့် မောင်ဖြူသည် တိုင်းပြည်ကို ကိုယ်ထိလက်ရောက် ချစ်ခင်စောင့်ရှောက်နိုင်သည့် မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ရတော့မည်အပြင် အရေးပိုင်ထက် ဂုဏ်သရေမငယ်သော သူဌေးတစ်ယောက်လည်း ဖြစ်နိုင်ပေလိမ့်မည်။

ဤသို့သောနည်းဖြင့် စာပေပညာတတ်ဟု ဆိုကြသော ခေတ်သစ်အမျိုးသားမောင်တို့သည် ခက်ခဲလှသော လခစားအလုပ်ကိုသာ တမ်းတမျှော်လင့်မနေကြမူ၍ ရေတွက်မကုန်နိုင်သော မိဘတို့၏ လုပ်ငန်းဆောင်တာတို့ကို ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် မိဘလက်ထက်ကထက်
mgyoe.com

mgyoe.com

တိုးတက်ကြီးပွားစေမည်ဆိုသော် အမျိုးကို စောင့်ရှောက်လျက် တိုင်းပြည်ကို ချီးပင့်နေသည့် ခေတ်သစ်မျိုးချစ်မောင်တို့ဟူ၍ ဆိုနိုင်ပေလိမ့်မည်။

ယခုမှာကား ဤကဲ့သို့မဟုတ်၊ စာပေပညာတတ်မြောက်၍ ကျောင်းက ထွက်လာသောအခါ မိဘရိုးရာလုပ်ငန်းကို သေးသိမ်သောလုပ်ငန်း၊ ယုတ်ညံ့သောလုပ်ငန်းဟု အောက်မေ့ကြလျက် လခစားဖြစ်သည့် အစိုးရကသော်လည်းကောင်း၊ သူတစ်ထူးကသော်လည်းကောင်း ပေးမှရနိုင်သော လုပ်ငန်းတို့ကိုသာ သူ့ထက်ငါ မရမက လုယက်လုပ်ကိုင်ကြရသောကြောင့် စာပေပညာတတ်တို့ ဂုဏ်တန်ခိုးနိမ့်ပြီးလျှင် မိရိုးဖလာ အစဉ်အဆက်လုပ်ငန်းတို့သည် တိမ်ငုပ်ပပျောက်သွားပါသည်။

ထို့ကြောင့် နိုင်ငံခြားမှ အထည်ဝတ္ထုများ၊ စားစရာသောက်စရာများတို့သည် ဝင်လာမစဲ တသဲသဲဖြစ်နေလေ၍ မြန်မာပြည်မှ ငွေကြေးများသည် နာရီနှင့်အမျှ တိုင်းတစ်ပါးသို့ ထွက်လျက်ရှိသည်အတိုင်း ကျွန်တော်တို့တိုင်းပြည်သည် ပြည်ကြီးဖြစ်နေရပါသည်။

ကျွန်တော့် အစီရင်ခံသော စကားရပ်တို့ကို သဘောကျ၍ လိုက်နာဆောင်ရွက်ခြင်း မရှိကြချေသော် တိုင်းပြည်၌ ယခုထက် တိုး၍ ဆိုးဝါးသော အခြေအနေသို့ ရောက်ရပေလိမ့်မည်။ ထို့ကြောင့် နောက်မကျသေးသော ယခုပစ္စက္ခခေတ်၌ အလုပ်မရှိဟု အော်ဟစ်နေသော စာပေပညာတတ်တို့သည် အချိန်မရောက်မီသီးသော အဆိပ်သီးကို စားမိသည်အတိုင်း ရှေးဦးစွာ မိဘမျိုးရိုးကို စောင့်ထိန်းနိုင်သော အရည်အချင်းအစစ်မှ ကင်းလွတ်ရလေသည်။ ထို့ကြောင့် စာပေပညာ သင်ကြားခြင်းကို လခစားလုပ်ငန်းအတွက်သာဟု ပန်းတိုင်ထား၍ မသင်ကြားသင့်ကြပါ။

ဥပမာပြရသည်ရှိပါသော် (၁) မောင်နွံ့သည် ပန်းပဲသမားသားအဖြစ်နှင့် ပညာသင်ကြား၍ တက္ကသိုလ်ကျောင်းတိုက်မှ သိပ္ပံအတတ်ကို ကောင်းစွာ တတ်မြောက်အောင်သင်ကြားပြီးမှ ယန္တရားစက်လုပ်ငန်း
mgyoe.com

mgyoe.com

ပညာကို ပါရဂူမြောက် တတ်ကျွမ်းလေအောင် နိုင်ငံခြား၌ ဆက်လက် သင်ကြားခဲ့လေ၏။ သို့ရာတွင် မောင်နွဲ့မှာ တိုင်းပြည်က အားပေးခြင်းကို မခံရသည်ပြင် အစိုးရ၏ လခကြီးစွာနှင့် ထိုလုပ်ငန်းနှင့် ပတ်သက်၍ ခန့်ထားခြင်းကိုလည်း မခံရသောကြောင့် အစိုးရ၏ စာတော်ပြန်လုပ်ငန်း ကို လခကြီးစွာနှင့် လုပ်ကိုင်ရလေ၏။

ထို့နောက် နယ်ပိုင်ဝန်ထောက်ရာထူးကို ရပြီးလျှင် နာမည်ကောင်း သောကြောင့် အရေးပိုင်ရာထူးတိုင်အောင် တိုးတက်ခန့်ထားခြင်းကို ခံရလေ၏။ ထို့ကြောင့် ထိုသူသည် မိမိ၏တစ်သက်၌ ကောင်းစားသော သူတစ်ယောက်ပင် ဖြစ်လေသည်။ သို့ရာတွင် မိဘ၏ လက်ငုပ်ဖြစ်သော ပန်းပဲလုပ်ငန်းသည် ၎င်း၏လက်ထက်ကစ၍ တိမ်ကောပျောက်ကွယ် သွားရလေသောကြောင့် ၎င်းတတ်ကျွမ်းထားသော ယန္တရားစက်ပညာ သည်လည်း အကျိုးမဲ့ အချည်းအနှီးကဲ့သို့ပင် ဖြစ်ရလေသည်။

ထို့ကြောင့် အရေးပိုင်ဦးနွဲ့မှာ မိမိသာ ကောင်းစားလျက် မိမိ တတ်ထားသောပညာနှင့် တိုင်းပြည်ကို တန်ခိုးအင်အားကြီးမားစေရန် မတတ်နိုင် ဖြစ်ရပါသည်။

အကယ်၍ ဦးနွဲ့သည် မိမိဖခင်၏ ပန်းပဲလုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခြားသည် ရှိချေသော် မိမိလုပ်ငန်းနှင့်ဆိုင်သော ခေတ်ကာလ နည်းသစ်ပညာသစ်များကို ရှာဖွေလုပ်နိုင်တော့မည် ဖြစ်သောကြောင့် မိမိဖခင်၏ လက်ထက်၌ ဓားမ၊ ထယ်၊ ပေါက်တူး စသော ပစ္စည်းတို့ ထွက်ရှိသည့် အနုညာတ ပန်းပဲရုံကလေးသည် အလွန်ကြီးကျယ်သော သံကိရိယာအလုပ်ရုံကြီးဖြစ်၍ သံကိရိယာဝတ္ထုပစ္စည်း အမျိုးမျိုးတို့ ထွက်လာနိုင်မည်အပြင် စက်ဘီး၊ ဓာတ်ဆီရထား စသော ဝတ္ထုပစ္စည်း တို့လည်း ထွက်လာပေလိမ့်မည်။

ထိုအခါ ဦးနွဲ့သည် အမျိုးသားပေါင်းများစွာကို ထမင်းကျွေးနိုင်၍ တိုင်းပြည်မှ အမြောက်အမြားထွက်နေသော ငွေထွက်ပေါက်ကြီးကို
mgyoe.com

mgyoe.com

ပိတ်ဆို့ဖာထေးနိုင်ပြီးသော် တိုင်းပြည်၏ဝင်ငွေကိုလည်း တိုးတက်လာစေလျက် အမေရိကန် ဖိုသူဌေးကြီးနှင့် ပြိုင်နိုင်းနိုင်သော သူဌေးကြီးလည်းဖြစ်နိုင်ရန် လမ်းပွင့်ကာရှိပါသည်။

ယခုမှာကား ဦးနွံ့သည် ပညာဉာဏ်ရှိပါလျက် (ဝါ) အတတ်နှင့်ပြည့်စုံပါလျက် သေးသိမ်သော မိမိဖခင်၏ ပန်းပဲရုံ၌ တူမကိုင်ရမည်ကိုကြောက်၍ လခစားအလုပ်ကို လုပ်ကိုင်ခြင်းကြောင့် တိုင်းပြည်ကြီးကြီးပွားကောင်းစားရာ အမျိုးသားပေါင်းများစွာတို့ မှီခိုရာဖြစ်သောပန်းပဲလုပ်ငန်းကို အရေးပိုင်ရာထူးသည် ဖုံးကွယ်ထားလိုက်ရာ ကျပါသည်။

(၂) မောင်စိန်တင်သည် သစ်ကုန်သည်ကြီး သားတစ်ယောက်အဖြစ်နှင့် မဟာဝိဇ္ဇာဘွဲ့ကို တက္ကသိုလ်ကျောင်းတိုက်ကြီးမှ ရရှိခဲ့၍ ချွေတာသုံးစွဲခြင်းပညာ၌ အထူးတတ်ကျွမ်းလာခဲ့သူ ဖြစ်လေ၏။ ထိုအခါ မြို့တစ်မြို့တွင် အကြောင်းအားလျော်စွာ အမြတ်တော်ကြေး ဝန်ထောက်ရာထူးကို ရရှိသဖြင့် အလွန်ချမ်းသာကာ နေလေ၏။ သို့ရာတွင် ၎င်း၏မိဘမှာကား ခေတ်ကာလအလျောက် နည်းလမ်းသစ်များနှင့် အလုပ်ကိုမလုပ်ကိုင်နိုင်လေသောကြောင့် မောင်စိန်တင်ကို မဟာဝိဇ္ဇာဘွဲ့ ရလေအောင် ထောက်ပံ့နိုင်သည့် သစ်ကုန်သည်လုပ်ငန်းကြီးသည် ခေတ်ကာလဉာဏ်ရှိသော နိုင်ငံခြားသစ်ကုန်သည်တို့၏ ဘေးဒဏ်ကို မခံမရပ်နိုင်သောကြောင့် ပျက်စီးတိမ်မြုပ်သွားရလေ၏။

အကယ်၍သာ မောင်စိန်တင်သည် မိမိ၏ မိဘလုပ်ငန်းကိုဝင်ရောက်ပြီးလျှင် ခေတ်သစ်နည်းသစ်အရ အစုစပ်သစ်လုပ်ငန်းကြီးကိုဦးစီးခေါင်းဆောင်ကာ လုပ်ကိုင်ဆောင်ရွက်ချေသော် သစ်လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံခြားသားတို့ အဆီယစ်နေသည်ကို မောင်စိန်တင်ကလွှဲပြောင်းပြီးသော် နိုင်ငံရင်းသားတို့အား အဆီယစ်နိုင်စေပေလိမ့်မည်။ ထိုအခါ မောင်စိန်တင်သည် သစ်လုပ်ငန်းနှင့်ပတ်သက်၍ တိုင်းပြည်၏
mgyoe.com

mgyoe.com

ကိုးကွယ်ရာကြီး ဖြစ်လာရပေလိမ့်မည်။

ယခုမှာကား မောင်စိန်တင်မှာ အစိုးရအမှုထမ်း ပြုလုပ်သွားသော ကြောင့် အမြတ်တော်ကြေး ဝန်ထောက်ရာထူးသည် ၎င်းကို ဂုဏ်ကျက်သရေ မြင့်မြင့်နှင့် ကောင်းစားစေသော်လည်း တိုင်းရင်းသားတို့၏ စီးပွားရေး အတွက် မှီခိုကိုးကွယ်ရာကြီးဖြစ်သော ဖခင်၏လုပ်ငန်းကြီးကို တိမ်ကော ပပျောက်သွားစေရာ ကျရောက်ပါသည်။

ကျွန်တော်သည် အကျဉ်းအားဖြင့် ပြခဲ့သည်တို့ကို စဉ်းစားဆင်ခြင် ၍ မြန်မာတို့ခေတ်သစ်ကြီးကို တိုင်းတစ်ပါးနှင့် ယှဉ်ပြိုင်နိုင်ရန် တည် ထောင်ဖန်ဆင်းကြမည့် များစွာသော အမောင်ကျောင်းသားတို့သည် အချိန် အရွယ်ရှိစဉ်က စာပေပညာသင်ကြားရခြင်းကား လခစားအမျိုးမျိုး ကို လုပ်ကိုင်ဆောင်ရွက်ရန်သာဟု ရည်ရွယ်မှန်းထားကာ မသင်ကြား ထိုက်ကြပါ။ ထိုသို့ ရည်ရွယ်မှန်းထား သင်ကြားခြင်းဖြင့် ပထဝီဝင်၊ လောကဓာတ်ဝတ္ထုပစ္စည်း၊ ရာဇဝင်၊ အက္ခရာသင်္ချာ၊ ယူကလစ် စသည်တို့ သည် လခစားအလုပ်နှင့် မသက်ဆိုင်ဟု ပေါ့ပေါ့ဆဆထားပြီးလျှင် စာပေပညာ သင်ကြားနေခဲ့သောကြောင့် စဉ်းစားဆင်ခြင်တတ်ခြင်း၊ စေ့ငုတိုင်းထွာတတ်ခြင်း၊ စူးစမ်းရှာဖွေတတ်ခြင်း၊ အလုပ်အကိုင် အကြံ အစည်တစ်ခုခုကို စိတ်ဝင်စားလျက် ပြီးစီးအောင် ဆောင်ရွက်တတ်ခြင်း စသည်တို့ ကင်းဝေးပြီးသော် အမျိုးသားတို့ကို နိုင်ငံခြားသားတို့၏ အစေခံအဖြစ်မှ မဆယ်ယူနိုင်ကြပေ။

ထို့ကြောင့် ကျောင်းသားသူငယ်တို့သည် ကျောင်းမှာနေစဉ်အခါ ပြဆိုခဲ့ပြီးသည့် စိတ်ထားကြီးမြင့် တည်ကြည်စေသော သခင်ပညာကို ရရှိလာအောင် သင်ကြားခဲ့ကြ၍ ကျောင်းမှ ထွက်လာကြသောအခါ လခစားအလုပ်ကိုသာလျှင် ရည်မှန်းလျက် အလုပ်မရှိဟု ညည်းညူမနေ ကြဘဲ မိဘတို့လုပ်ခွင်ကို ကူညီဝင်ရောက် လုပ်ကိုင်ကြရာသည်။ ထို အတွက်ငှာလည်း စာပေပညာ သင်ကြားရခြင်း ဖြစ်ပေသေးသည်။

mgyoe.com